မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၃၁၃)၊ ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ ၁၇-၁၀-၂၀၂၆၊ စနေနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ထားသည့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို ထပ်မံ၍ ရက်ပေါင်း ၉၀ အထိ ဆက်လက်အတည်ဖြစ်စေရေးကို လွှတ်တော်က အတည်ပြု

နေပြည်တော် အောက်တိုဘာ ၁၆

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးဆဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့

စာမျက်နှာ ၃ သို့ ☆



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပစဉ်။

## ယနေ့ မိုးလေဝသ

**နေပြည်တော်နှင့် အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။



# သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားများတိုးချဲ့ပြေးဆွဲမည်

နေပြည်တော် အောက်တိုဘာ ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားစီး ခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာသွားလာနိုင်ရန်အတွက် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတို့တွင် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့်လည်းကောင်း၊ လေအိတ်ရထားတွဲဆိုင်းများဖြင့်လည်းကောင်း၊ ရိုးရိုး (AAR)တွဲဆိုင်းများဖြင့်လည်းကောင်း၊ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်များ ကြိုက်နှစ်သက်ကြပြီး

စာမျက်နှာ ၄ သို့ ✳

**၁၆-၁၀-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# ကျောက်ဆည်မြို့၏ ၂၀၂၆ ခုနှစ် ဆင်အကအလှုပြိုင်ပွဲ၌ ဆင်အစီးရေ ၁၄၂ စီးဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ကျောက်ဆည် အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၏ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပပြုလုပ်မည့် ရိုးရာဆင်အကအလှုပြိုင်ပွဲတွင် ဆင်အစီးရေ ၁၄၂ စီးဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ဆင်အကအလှုပြိုင်ပွဲကို ရိုးရာမပျက် အများပြည်သူများ ပျော်ရွှင်ပြီး စည်ကားသိုက်မြိုက်စေရန်အတွက် ဧည့်ခံဖျော်ဖြေရေးအပိုင်းနှင့် ပြိုင်ပွဲဝင်ကပြဖျော်ဖြေရေးဟူ၍ အပိုင်း(၂)ပိုင်းဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်ဖြင့် ဈေးပတ်ဆင် ၅၁ စီးက မြို့မဈေးကြီးအား ပတ်၍ လည်းကောင်း၊ အသက်ကြီးဆင် ခြောက်စီးက မြို့တွင်းလမ်းများသို့ လှည့်၍လည်းကောင်း ကပြဖျော်ဖြေသွားမည့် အပြင် ကလေးဆင်၊ လူကြီးရိုးရာဆင်၊ ဘော်ခြယ်ဆင်နှင့် သဘာဝတီထွင်ဆန်းသစ်ဆင် ၈၂ စီးကလည်း ဈေးတန်းရပ် ရွှေသာလျောင်းတောင်ခြေရှိ ဆင်အကအလှုပြိုင်ကွင်းတွင် ဆောက်လုပ်ထားသော ဗဟိုမဏ္ဍပ် အမှတ်ပေးဒိုင်(၁)၊ ရန်ကုန်-မန္တလေး ကားလမ်းနှင့် ကျောက်ဆည်-တံတားဦး လမ်းဆုံတွင် ဆောက်လုပ်ထားသော အမှတ်ပေးဒိုင်(၂)၊ စုကြီးရပ်ကွက် လေးမျက်နှာ ဘုရားဝင်းတွင် ဆောက်လုပ်ထားသော အမှတ်ပေးဒိုင်(၃)တို့တွင် အလှည့်ကျပြိုင်ပွဲဝင်၍ ကပြယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ဆင်အကအလှုပြိုင်ပွဲတွင် ထပ်တိုးပြိုင်ပွဲဝင်ဆင်နှင့် ဧည့်ခံဆင်များရှိပါက လက်ခံပါဝင်ခွင့်ပြုသွားမည်ဖြစ်ကြောင်းလည်း ဆင်အကအလှုပြိုင်ပွဲကော်မတီမှ သိရသည်။

ဆင်အကအလှုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော ဆင်များအား ဆုများထိုက်တန်စွာ ချီးမြှင့်နိုင်ရေး ဒိုင်အဖွဲ့များက ဆင်အကအလှုအပိုင်းတွင် ဦးခေါင်း၊ ကိုယ်၊ လက်၊ ခြေ၊ အချိုးအဆစ်ပြေပြစ်မှုနှင့် ခိုင်ခံ့သပ်ရပ်မှု၊ အဆင်တန်ဆာပြည့်စုံလှပမှုနှင့် ရိုးရာအသွင်သဏ္ဌာန်ပေါ်လွင်မှု၊ ရတနာသုံးပါး ကန်တော့ခန်းနှင့် နတ်ပင့်(စားတော်တိုက်)၊ ဆင်ဖမ်းအက၊ ရိုးရာအက၊ စိတ်ကြိုက်ခေတ်ဆန်းအကနှင့် ဆင်ဦးစီးသရုပ်ဆောင်ပိုင်နိုင်မှုများ၊ သီချင်းဆိုမှုအပိုင်းတွင် တေးသွားသည် မြန်မာဆန်၍ သံစဉ်ဆန်းသစ်လှပမှု၊ စာသားသည် ဒေသဂုဏ်၊ ဇာတိဂုဏ်နှင့် ဆင်လှူပွဲတော်အား ဖော်ညွှန်းနိုင်မှု၊ ပင်ကိုယ်အသံကောင်းမွန်၍ ရှင်းလင်းပြတ်သားမှု၊ တီးလုံးတီးကွက်နှင့် လိုက်လျောညီထွေ၍ နားဆင်သူသို့ စွဲမက်စေနိုင်မှု၊ အဆိုစနစ်ကျမှုနှင့် အလွတ်သီဆိုနိုင်မှုများ၊ အတီးအမှုတ်အပိုင်းတွင် အတီးသံစဉ်များ မှန်ကန်ညီညွတ်ခြင်း၊ တူရိယာတစ်ခုချင်းအလိုက် တစ်ဦးချင်းမှ သေသပ်စွာတီးမှုတ်နိုင်ခြင်း၊ တီးလုံးတီးကွက် ဆန်းသစ်တီထွင်မှု၊ အတီးပိုင်းတစ်ခုလုံး အပေးအယူမျှ၍ ညီညွတ်စွာ ပေါင်းစပ်တီးမှုတ်နိုင်မှုများနှင့် တူညီဝတ်စုံဝတ်ဆင်ထားမှု၊ ပြိုင်ပွဲစင်မြင့်သို့ အတက်အဆင်း ပုံစံကျမှု၊ စည်းလုံးညီညွတ်၍ မြိုင်ဆိုင်တက်ကြွမှု၊ ပြိုင်ပွဲသတ်မှတ်ချိန် ယှဉ်ပြိုင်နိုင်ခြင်းနှင့် ဒိုင်လူကြီးများအား လေးစားမှု စသည့် အချက်များကို စိစစ်ပြီး အကဲဖြတ်အမှတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲများအပြီးတွင် ဆုရရှိသည့် ဆင်အဖွဲ့များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**သက်မောင်(ကျောက်ဆည်)**

၀-၀-၀-၀-၀



၂၀၂၆ ခုနှစ် ၊ အောက်တိုဘာ ၁၇ ရက် ၊ စနေနေ့။

မန္တလေး နေ့စဉ်

# လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်တည်ဆောက်သွားရမည်

လူငယ်အချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံသင်ယူနိုင်မည့် လူငယ်စင်တာများသည် အခြေခံကျသည့်ကဏ္ဍတစ်ရပ်တွင် ပါဝင်လျက်ရှိသည်။

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအစည်းအဝေးကို အောက်တိုဘာ ၁၅ ရက်မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ လူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်ကာလသည် ဆန်းသစ်သည့်နည်းပညာများနှင့်အတူ တိုးတက်ပြောင်းလဲနေသည့် ကမ္ဘာကြီးဖြစ်သည်နှင့်အညီ မျိုးဆက်သစ်လူငယ်များကို လက်လှမ်းမီနိုင်ရန်အတွက် ဘက်ပေါင်းစုံကောင်းမွန်ပြည့်စုံအောင်လေ့ကျင့်သင်ကြားပေးရန်လိုအပ်ကြောင်း၊ လူငယ်များ၏ စူးစမ်းလိုသည့်စိတ်၊ တီထွင်ဖန်တီးလိုသည့်စိတ်၊ ကျိုးကြောင်းဆီလျော်စွာဖြင့် စဉ်းစားဝေဖန်ပိုင်းခြားနိုင်သည့်စိတ်များအပြင် မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များရှင်သန်ကိန်းအောင်းလာစေရန်အတွက် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်က ထုတ်ပြန်ထားသည့် ဥပဒေများကိုလည်း သိရှိလေးစားလိုက်နာပြီး စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ကြစေရန်၊ ကျင့်ဝတ်သိက္ခာပြည့်ဝပြီး အတ္တ ပရမ္မုမျှတတနှင့် လူမှုတာဝန်များကို ကျေပွန်စွာပြုမူနေထိုင်တတ်စေရန်ကိုလည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ်ကြောင်း၊ လတ်တလောတွင် ဖွင့်လှစ်ပြီးဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ လူငယ်စင်တာများတွင်လည်း သာမန်လုပ်ရိုးလုပ်စဉ်သဘောမျိုးမဟုတ်ဘဲ လူငယ်များကိုတိုက်ရိုက်အကျိုးပြုနိုင်မည့်သင်တန်းများ၊ လုပ်ငန်းခွင်တွင်တိုက်ရိုက်အသုံးချနိုင်မည့် အတတ်ပညာများကို စနစ်တကျလေ့ကျင့် သင်ကြားပေးပြီး အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချသွားလိုကြောင်း ပြောကြားခဲ့သည်။

ဒုတိယသမ္မတက ဆက်လက်ပြောကြားရာတွင် အနာဂတ်ကာလ နိုင်ငံတော်ကို ယနေ့လူငယ်များနှင့်သာ ဒို့တာဝန်အရေးသုံးပါးနှင့်အညီ ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်သောကြောင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏အနာဂတ်ဖြစ်သည့် လူငယ်များကို စွမ်းရည်မြင့်မားသော အဖိုးတန်လူသားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရန်နှင့် ပြည့်ဝရင့်ကျက်သည့်စွမ်းအားစုများဖြစ်လာစေရေး စဉ်ဆက်မပြတ်လေ့ကျင့်ပျိုးထောင်ပေးရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီပြန်လည်ဖွဲ့စည်းခဲ့မှု၊ ဝန်ကြီးဌာနအနေဖြင့် လူငယ်အသိပညာပေးဟောပြောပွဲများနှင့် စကားဝိုင်းများဟောပြောဆွေးနွေးခဲ့မှု၊ အသက်မွေးဝမ်းကျောင်း၊ အားကစားနှင့် လူငယ်ဖွံ့ဖြိုးရေးသင်တန်းများ ဖွင့်လှစ်သင်ကြားဆောင်ရွက်ပေးခဲ့မှု၊ အသက်မွေးဝမ်းကျောင်း ပညာသင်စရိတ်ထောက်ပံ့ပေးခဲ့မှု၊ နိုင်ငံတကာနှင့် လူငယ်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်ခဲ့မှု၊ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်အသစ် ပြန်လည်ရေးဆွဲလျက်ရှိသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များပေါ်ထွက်လာစေရန်အတွက် လူငယ်မူဝါဒတွင်ပါဝင်သည့် အဓိကကဏ္ဍများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း (၃/၂၀၂၆)ဆင်း

**မြင်းခြံ အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း(၃/၂၀၂၆) ဆင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် သင်တန်းကာလပြီးမြောက်အောင် တက်ရောက်သင်ကြားခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွဋ်တို့က ပေးအပ်ခဲ့ကြသည်။

ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း(၃/၂၀၂၆)ဆင်းပွဲသို့ သင်တန်း ဆင်းလက်မှတ်များကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ခရိုင်ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၃၆၆)

## အမရပူရမြို့နယ် နန်းရတနာ မြို့မဈေး၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း ကွင်းဆင်းဆောင်ရွက်

**အမရပူရ အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်အတွင်း ပွင့်လင်းရာသီနှင့်အယ်နီညိုကြောင့်ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့ကို ရည်ရွယ်၍ အမရပူရမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ယနေ့ နံနက်ပိုင်းက အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ နန်းရတနာမြို့မဈေးအတွင်း၌ မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် အမရပူရမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မျိုးထက်ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ငါးဦးဖြင့် ဈေးအတွင်း၌ မီးကြွင်းမီးကျန်မရှိစေရေး၊ မီးကိုဂရုတစိုက်သုံးစွဲနိုင်ရေးနှင့် မီးလောင်နိုင်သော အမှိုက်များသိမ်းဆည်းရန်နှင့်လောင်စာပစ္စည်းတို့အားစနစ်တကျထားသိုရေးစသည်တို့ကို အသိပညာပေးဟောပြောကာ မီးဘေးအန္တရာယ်လုံခြုံရေးကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လဲ့လဲ့နိုင်

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း

**မတ္တရာ အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း(၃/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီက အ.ထ.က(စလွန်ဖြူ)ကျောင်း ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူး၊ အမှတ်(၁)စစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်းထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနန်းဝင်းထွေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်ယုနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြတ်သူတို့က သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ရာ သင်တန်းသားများ ကိုယ်စား သင်တန်းသားငါးဦးမှ လက်ခံရယူခဲ့ကြပြီး သင်တန်းသားများကိုယ်စားသင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြော ကြားသည်။

အဆိုပါသင်တန်းဆင်းပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မတ္တရာမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြောင်းသိရသည်။

(ရွှေရာသား)

## ရှရီရှရီဆာရဒီယာဒူရ်ဂါပူဂျာပွဲတော် မန္တလေးမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၆**

ဟိန္ဒူဘာသာဝင်များ၏ အားထားယုံကြည်ကိုးကွယ်ရာဖြစ်တော်မူသော ရှရီရှရီဆာရဒီယာဒူရ်ဂါဒေဝီ-စန္ဒီမယ်တော်ပူဇော်ပွဲတော်ကို မန္တလေးမြို့ရှိ ဟိန္ဒူဘုရားကျောင်းအသီးသီးတို့တွင် အောက်တိုဘာ ၁၁ ရက်မှစတင်၍ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပလျက်ရှိသည့်အပြင်ဟိန္ဒူဘာဝင်များ မိသားစုလိုက် ဥပုသ်သီတင်းသီလဆောက်တည်၍ ပူဇော်လျက်ရှိကြသည်။

အဆိုပါ ရှရီရှရီဒူရ်ဂါမယ်တော်ပူဇော်ပွဲကို အောင်မြေသာစံမြို့နယ် ၆၂ လမ်းနှင့် ၁၉ လမ်းထောင့်ရှိ ရှရီကာလီမယ်တော် ဟိန္ဒူဘုရားကျောင်းတွင် ဂေါပကအဖွဲ့မှ ကြီးမှူး၍ ၁၁ ရက်တိုင်တိုင် ဆင်ယင်ကျင်းပလျက်ရှိပြီး ဒေသခံရပ်ကွက်မှ ဟိန္ဒူဘာသာဝင် မိသားစုများအပြင် မန္တလေးမြို့တွင်း၊ မြို့ပြင်တို့မှ ဟိန္ဒူဘာသာဝင် မိသားစုဝင်များက သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ လှူဖွယ်ပစ္စည်းများ အချိုမုန့်ပရဆာဒ်တို့အပြင် အလှူငွေများ ထည့်ဝင်လှူဒါန်းကြပြီး ဓမ္မတေးများ ရွတ်ဆိုပူဇော်ကြသည်။ ထို့ပြင်ပူဇော်ပွဲတော်ရက်စတင်သည့်နေ့မှစ၍ နေ့စဉ်မွန်းလွဲပိုင်းနှင့် ညပိုင်းအထိ ဘုရားကျောင်းမှ နှစ်စဉ်အလှူရှင်မိသားစုများက ဘုရားကျောင်းပူဇော်ပွဲတော်လာ ပြည်သူများအား အိန္ဒိယအစားအစာနေ့လယ်စာ၊ ညစာတို့ဖြင့် စတုဒိသာကျွေးမွေးဧည့်ခံလျက်ရှိရာ အထူးစည်ကားလျက်ရှိသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၈၆ လမ်း ၁၂လမ်းနှင့် ၁၃လမ်းရှိ ဟိန္ဒူဘုရားကျောင်း၊ ချမ်းအေးသာစံမြို့နယ်၊ ၇၉ လမ်းနှင့် လမ်း ၈၀ကြား၊ ၂၇လမ်းရှိ ဘုရားကျောင်းနှင့် စိတ္တရမဟီရပ်၊ အမှတ်(၈၄)၊ ၇၄လမ်းနှင့် ၇၅လမ်းကြား၊ ၂၈ လမ်းရှိ ရှရီရှရီဒူရ်ဂါဘာရီဟိန္ဒူဘုရားကျောင်းတို့တွင်လည်း ပွဲတော်ရက်မှစ၍ အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်း၊နေ့လယ်ပိုင်းနှင့် ညနေပိုင်းတို့တွင် ဒူရ်ဂါဒေဝီ-စန္ဒီမယ်တော်ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပပြီး နေ့စဉ်မွန်းတည့် ၁၂ နာရီတွင် ပူဇော်ပွဲလာမိသားစုဝင်များ မိတ် သင်္ဂဟများအား စတုဒိသာနေ့လယ်စာ အကျွေးအမွေးဖြင့် ဧည့်ခံလျက်ရှိကြောင်း သိရသည်။

(၀၄၀)



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

✰ စာမျက်နှာ ၃ မှ

ယင်းနောက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် **ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း**က လွှတ်တော်သို့ တင်သွင်းရာတွင် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ထပ်မံခွင့်ပြုပေးမည့် ဖြည့်စွက်ခွင့်ပြုငွေများ အပါအဝင် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း(RE)ကိုလည်း မူလခန့်မှန်းခြေငွေစာရင်း(BE)နှင့် နှိုင်းယှဉ်သုံးသပ်နိုင်ရန် ရေးဆွဲတင်ပြထားကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများအနက် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ စသည့် နိုင်ငံတော်ကရရှိမည့် အသုံးစရိတ်များ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ တိုးတက်ရေးဆိုင်ရာ အသုံးစရိတ်များ၊ နိုင်ငံတော်၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ ကုန်ထုတ်လုပ်မှု တိုးမြှင့်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ပေါ်များစေရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အသုံးစရိတ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုများအတွက် ပြန်လည်ပြုပြင်ခြင်း အသုံးစရိတ်များကို ဦးစားပေး၍ ခွင့်ပြုရန် ဆောင်ရွက်ခဲ့ကြောင်း။

ထို့ပြင် အမှန်တကယ် ထပ်မံလိုအပ်သည့် လစာစရိတ်၊ ပင်စင်၊ ကုန်ကြမ်း ဝယ်ယူခြင်း၊ ထုတ်လုပ်မှုစရိတ်၊ ပြည်ပအကူအညီရငွေများနှင့် ပြည်ပချေးငွေများ ထပ်မံရရှိလာခြင်းကြောင့် လိုအပ်လာသည့် အသုံးစရိတ်နှင့် ပြည်ပချေးငွေအတွက် အရင်းနှင့် အတိုး ပေးဆပ်ငွေများကိုလည်း စိစစ်ခွင့်ပြုခဲ့ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ လျှပ်စစ်မီးနှင့် ရေရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အသုံးစရိတ်များနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးမှုများအတွက် ပြန်လည်ပြုပြင်ရေး အသုံးစရိတ်များကို ဖြည့်စွက်ခွင့်ပြုငွေတွင် ဦးစားပေးခွင့်ပြုခဲ့ခြင်းကြောင့် အသုံးစရိတ်များ ထပ်မံလိုအပ်သဖြင့် လိုငွေတိုးလာရခြင်းဖြစ်ပါကြောင်း သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။

ထို့နောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး သတ္တမနေ့ ကျင်းပပြုလုပ်မည့်နေ့ရက်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အမိန့်ကြော်ငြာစာအမှတ် ၉၈ /၂၀၂၆ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ၉၈ /၂၀၂၆**
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၆ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၄ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"( ဂ ) ပါတီဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အမည်စာရင်းပြောင်းလဲပါက ကော်မရှင်သို့ ၇ ရက်အတွင်း တင်ပြရမည်။

(ဃ) ပညာအရည်အချင်းကန့်သတ်ချက်မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းနှင့် ပြည့်စုံသူကိုသာ ပါတီနာယကနှင့် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။"

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပုသိမ်-ဟသ်ာတ ရထားလမ်းပိုင်းအတွင်း ရထားလမ်းများရေကျော်မှုကြောင့် ယာယီရပ်နားထားရသည့် ပုသိမ်-ဟသ်ာတ-ကြံခင်း အစုန်/အဆန် ရထားခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၆ ခုနှစ် ဇူလိုင်လမှစ၍ မိုးသည်းထန်စွာရွာသွန်းပြီး လေးမျက်နှာမြို့နယ်ရှိ ငဝန်မြစ်တာပေါင် ကျိုးပေါက်မှုကြောင့် ပုသိမ်-ဟသ်ာတ ရထားလမ်းပိုင်းရှိ ဒိုက်ပျက်ဘူတာနှင့် ဇရပ်လှဘူတာအကြား၊ မိုင်တိုင်အမှတ်(၁၃၄/၆) မှ (၁၃၅/၅)အထိ ပေ ၅၀၆၀ ခန့်တွင် ရထားသံလမ်းကွန်ကရစ်ဇလီဖားတုံးအခြေအထိ ရေများဝင်ရောက်ခဲ့ပြီး ၎င်းအနက် ပေ ၁၇၆၀ ခန့်တွင် ကွန်ကရစ်ဇလီဖားတုံးများနှင့် သံလမ်းအောက်ခြေအထိ ရေနစ်မြုပ်ခဲ့မှုကြောင့် ဩဂုတ် ၄ ရက်မှစတင်ပြီး ပုသိမ် - ဟသ်ာတ - ကြံခင်း အစုန်/အဆန် ရထားခရီးစဉ်များ ယာယီဖျက်သိမ်းခဲ့ရသည်။



မြန်မာ့မီးရထားတာဝန်ရှိသူများက ရေဖုံးလွှမ်းနေသည့် လမ်းပိုင်းအတွင်းသို့ အချိန်နှင့်တစ်ပြေးညီ စစ်ဆေးဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၂ ရက်အထိ ပုသိမ်-ဟသ်ာတ လမ်းပိုင်း ဒိုက်ပျက်-ဇရပ်လှကြား မိုင်တိုင်(၁၃၃/၁၅-၁၃၅/၆)၌ ရေကျော်အမြင့်ဆုံး သံလမ်းမျက်နှာပြင် အထက်(၄ ပေ)နှင့် ဇရပ်လှ-ရေကြည်ကြား မိုင်တိုင်(၁၃၆/၁၁-၁၄၀/၁၇)၌ ရေကျော်အမြင့်ဆုံး သံလမ်းမျက်နှာပြင်အထက် (၈ ပေ ၉ လက်မ)ရေကျော်လျက်ရှိကြောင်း တွေ့ရှိခဲ့ရပြီး ဩဂုတ် ၂၂ ရက်မှစတင်၍ ရေများပြန်လည်ကျဆင်းခဲ့ရာ စက်တင်ဘာ ၂၆ ရက်တွင် ရထားလမ်းတာပေါင်များအောက်သို့ ရေကျဆင်းသွားခဲ့သည်။

ရေပြန်လည်ကျဆင်းချိန်တွင် ရေကျော်ခဲ့သော လမ်းပိုင်းများကို စက်တင်ဘာ ၁၃ ရက်မှစ၍ ရထားလမ်းပေါ်ရှိ အမှိုက်သရိုက်များ ရှင်းလင်းဖယ်ရှားခြင်း၊ ရေတိုက်စားမှုကြောင့် ဖြစ်ပေါ်လာသော ရေစားချောက်များအား မြေကြီးနှင့် 6" x 9" ကျောက်ကြီးများဖြည့်တင်းခြင်း၊ ရေစီးဖြင့်မျောပါသွားသော ကျောက်များအား ပြန်လည်ဆယ်တင်၍ လမ်းအတွင်းထည့်သွင်းခြင်း၊ လမ်းခင်းကျောက်များ ဖြည့်သွင်းခြင်း၊ သံလမ်းများထည့်သွင်းပြုပြင်ခြင်း၊ ရေကျော်လမ်းပိုင်းရှိတံတား လေးစင်းတို့တွင် တံတားချဉ်းကပ်လမ်း၌ မြေကြီးနှင့် 6" x 9" ကျောက်ကြီးများဖြည့်တင်းခြင်း၊ တံတားတိုင်းလဲလှယ်ခြင်း၊ ရေနံချေးသုတ်ခြင်းနှင့် ချုပ်တန်းတပ်ဆင်ခြင်း၊ တံတားကြီးငယ်များ၏ ကမ်းကပ်ခုံနှင့် အုတ်မြစ်များ စစ်ဆေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယခု အောက်တိုဘာ ၁၃ ရက်တွင် လုပ်ငန်းအားလုံး ပြီးစီးခဲ့မှုကြောင့် ရေကျော်လမ်းပိုင်းများဖြစ်သော ဒိုက်ပျက်-ဇရပ်လှနှင့် ဇရပ်လှ-ရေကြည် လမ်းပိုင်းတို့ကို အောက်တိုဘာ ၁၄ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ယမန်နေ့ အောက်တိုဘာ ၁၅ ရက်မှစတင်၍ အမှတ်(၁၈၁)အဆန်/ (၁၈၂)အစုန် ပုသိမ်-ဟသ်ာတ-ကြံခင်း လူစီးအမြန်ရထားခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

✻ သီတင်းကျွတ်မှ

စီးနင်းမှုများပြားသဖြင့် သီတင်းကျွတ် ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်စေရေးအတွက် ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-မော်လမြိုင်-ရန်ကုန်နှင့် ရန်ကုန်-ပြည်-ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများအား အောက်ပါနေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်-

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၂၃-၁၀-၂၀၂၆ | အဆန်အထူး(AAR) | ရန်ကုန် | မော်လမြိုင် | ၀၈:၀၀ | ၁၆:၄၅ |
| ၂ | ၂၄-၁၀-၂၀၂၆ | အစုန်အထူး(DEMU) | နေပြည်တော် | ရန်ကုန် | ၀၇:၀၀ | ၁၂:၀၀ |
| ၃ | 〃 | အဆန်အထူး(လေအိတ်) | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၄ | 〃 | အစုန်အထူး(လေအိတ်) | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၅ | 〃 | အဆန်အထူး(လေအိတ်) | ရန်ကုန် | မော်လမြိုင် | ၀၈:၀၀ | ၁၆:၄၅ |
| ၆ | 〃 | အစုန်အထူး(AAR) | မော်လမြိုင် | ရန်ကုန် | ၀၆:၃၀ | ၁၅:၄၀ |
| ၇ | ၂၇-၁၀-၂၀၂၆ | အဆန်အထူး(DEMU) | ရန်ကုန် | နေပြည်တော် | ၁၃:၀၀ | ၁၈:၀၀ |
| ၈ | 〃 | အဆန်အထူး(လေအိတ်) | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၉ | 〃 | အစုန်အထူး(လေအိတ်) | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၁၀ | ၂၇-၁၀-၂၀၂၆ | အဆန်အထူး(AAR) | ရန်ကုန် | မော်လမြိုင် | ၀၈:၀၀ | ၁၆:၄၅ |
| ၁၁ | 〃 | အစုန်အထူး(လေအိတ်) | မော်လမြိုင် | ရန်ကုန် | ၀၆:၃၀ | ၁၅:၄၀ |
| ၁၂ | ၂၈-၁၀-၂၀၂၆ | အစုန်အထူး(AAR) | မော်လမြိုင် | ရန်ကုန် | ၀၆:၃၀ | ၁၅:၄၀ |

အထက်ပါနေ့ရက်များအလိုက် ထပ်မံတိုးချဲ့ပြေးဆွဲပေးမည့် အထူးရထားများ၏ လက်မှတ်ခန္ဓန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများအတိုင်းဖြစ်ကြောင်းနှင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် အမှတ်(၁၁)အဆန်/(၁၂)အစုန်လူစီးအမြန်ရထား၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတွင် အမှတ်(၈၁)အဆန်/(၈၂)အစုန်လူစီးအမြန်ရထား၊ ရန်ကုန်-ပြည်လမ်းပိုင်းတွင် အမှတ်(၇၁)အဆန်/(၇၂)အစုန် လူစီးအမြန်ရထားနှင့် ရန်ကုန်-ပျဉ်းမနား-ပုဂံလမ်းပိုင်းအတွင်း ပြေးဆွဲနေသော အမှတ်(၆၁)အဆန်/(၆၂)အစုန် လူစီးအမြန်ရထားတို့တွင် လူစီးတွဲများထပ်တိုး၍ ဝန်ချိန်ပြည့် ချိတ်ဆက်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ ရထားလက်မှတ်များကို Online မှ လက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်း(Online Railway Ticketing and Payment System - ORTP) စနစ်ဖြင့် ကြိုတင်ဝယ်ယူနိုင်ပြီး ခရီးစဉ်အစအဆုံးဘူတာများအတွက် ခုနစ်ရက်နှင့် ကြားဘူတာများအတွက် ငါးရက် ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိပညာပေးသင်တန်း ဖွင့်လှစ်

**စစ်ကိုင်း အောက်တိုဘာ ၁၆**

စစ်ကိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိပညာပေး သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါရုံး၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်ယဉ်ယဉ်ချိုက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းဆရာ ဒေါက်တာဝင်းစိုးက သင်ကြားမည့် ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှယဉ်မြင့်က သင်ထောက်ကူပစ္စည်းများနှင့် ဦးစီးအရာရှိ ဦးဇော်မျိုးဝင်းက သင်တန်းတွင် အသုံးပြုရမည့် ယူရီးယားမြေဩဇာအိတ်များအား ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းသို့ စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာမှ မွေးမြူရေးတောင်သူ ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

၀-၀-၀-၀-၀
၀-၀-၀
၀-၀

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး (၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ၂၀၂၆ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၁၆

(၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ၂၀၂၆ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်အားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်နီလာ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်ဘောလုံး အကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၆ ခုနှစ်၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲအလွတ်တန်းအဆင့် ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်ကြသည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ပထမပိုင်းပွဲကစားချိန်အပြီး နာကျင်အချိန်ပို ၂ မိနစ်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းကို ဦးဆောင်ဂိုး စတင်သွင်းယူနိုင်ခဲ့သည်။

ဆက်လက်၍ ပွဲချိန်ဒုတိယပိုင်းကို အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ပွဲကစားချိန် ၅၄ မိနစ်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ဒုတိယ ဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းကို ၂ ဂိုး-ဂိုးမရှိ ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ၂၀၂၆ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ရာ အစီအစဉ်အရ တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့နှင့်အတူ စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့၊ အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများ၊ တံခွန်စိုက်ဒိုင်းဆုရရှိသည့် အသင်းများမှ အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများ၊ ဆုရရှိကြသည့် ဘောလုံးအသင်းများက ဇေယျာသီရိတပ်မတော် အားကစားကွင်းအတွင်း ဝင်ရောက်နေရာယူကြသည်။

ယင်းနောက် ဆုများပေးအပ်ချီးမြှင့်ကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးဆုရရှိကြသူများ၊ အသန့်ရှင်းဆုံးဆုရရှိသည့်အသင်းနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆု ရရှိကြသည့် အားကစားသမားများအား စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်မျိုးတင်ကလည်းကောင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် တတိယဆုရရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းကလည်းကောင်း၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ပြည့်စုံလင်းကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းဝင်းက တစ်ဦးချင်း ဆုတံဆိပ်များ၊ ပထမဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားဆုများကိုလည်းကောင်း၊ ၂၀၂၆ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစား ပြိုင်ပွဲများတွင် ရွှေတံဆိပ်(၃၃)ခု၊ ငွေတံဆိပ်(၃၁)ခုနှင့် ကြေးတံဆိပ် (၄၆)ခုဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း တတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းက တံခွန်စိုက်ဒိုင်း (တတိယဆု) နှင့် ငွေသားဆုများကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ၂၀၂၆ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစား ပြိုင်ပွဲများတွင် ရွှေတံဆိပ်(၃၇)ခု၊ ငွေတံဆိပ် (၅၀) နှင့် ကြေးတံဆိပ် (၆၃) ခုဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဒိုင်း(ဒုတိယဆု)နှင့် ငွေသား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး က ၂၀၂၆ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် (၅၇) ခု၊ ငွေတံဆိပ် (၅၀)နှင့် ကြေးတံဆိပ်(၄၇)ခု ဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဒိုင်း(ပထမဆု)နှင့် ငွေသား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့၊ အားကစားအသင်း (၁၇) သင်းနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့တို့က စစ်ကြောင်းပုံဖြင့် ချီတက်၍ လက်ဝှေ့ရမ်းနှုတ်ဆက်ပြီး ဇေယျာသီရိတပ်မတော် အားကစားကွင်းအတွင်းမှပြန်လည် ထွက်ခွာကြရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ပြန်လည်လက်ပြနှုတ်ဆက်ကြသည်။

ထိုသို့ ချီတက်ထွက်ခွာနေချိန်တွင် (၆၃)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ နှင့် ၂၀၂၆ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစား ပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ် အဖြစ် မီးရှူး မီးပန်းများကို ဂုဏ်ပြုပစ်ဖောက်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ပိတ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ ၁၀၀



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဒိုင်း(ပထမဆု)နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဒိုင်း(ဒုတိယဆု)နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၂၄ မှ

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် ညောင်ရွှေမြို့နယ် အိုင်ထောင့်ကြီးကျေးရွာတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပြန်လည်ဆောက်လုပ်ပြီးစီး၍ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအား ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း
ဆည်မြောင်းနှင့်ကန်၊ သစ်ပင်ရုံမှ
သဏ္ဍာန်လှပ၊ ပန်းရလိမ့်။

■ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးမှ

ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများသည် လက်ဝှေ့အားကစားသမားများ၏ ဝိတ်တန်းအမျိုးအစားအလိုက် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ



နေပြည်တော် အောက်တိုဘာ ၁၆

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် **"ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်ရေးမှ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့"** အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ NSPNC အကြံပေးအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်အငြိမ်းစား အရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် မီဒီယာများ စုစုပေါင်း ၁၆၀ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ နံနက်ပိုင်းတွင် ဆွေးနွေးပွဲတက်ရောက်လာသူများအား အဖွဲ့ နှစ်ဖွဲ့ ခွဲ၍ နိုင်ငံရေးကဏ္ဍတွင် အဖွဲ့(၁)မှ **"ပဋိပက္ခဖြစ်ပွားနေသောဒေသများတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လူမှုသဟဇာတဖြစ်ထွန်းရေးအတွက် လက်တွေ့ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများဖော်ထုတ်လေ့လာခြင်း"** ခေါင်းစဉ်ဖြင့်ဆွေးနွေးရာ သဘာပတိအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း(အငြိမ်းစား)က ဆောင်ရွက်ပြီး ဒေါက်တာအမ်ကောန်လနှင့် ဒေါက်တာသုတအောင်တို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ စီးပွားရေးကဏ္ဍတွင် အဖွဲ့(၂)မှ **"ငြိမ်းချမ်းရေးနှင့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ရေရှည်အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများမြှင့်တင်မှု အကြား အပြန်အလှန်ဆက်နွှယ်မှု နည်းလမ်းများ ဖော်ထုတ်ခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များနှင့်အကူအညီများထိရောက်စွာ ဆောင်ရွက်နိုင်ရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ သဘာပတိအဖြစ် ဗိုလ်ချုပ်စိုးနိုင်ဦး(အငြိမ်းစား)က ဆောင်ရွက်ပြီး ဒေါက်တာဇော်ဦးနှင့် ဒေါက်တာညိုညိုသင်းတို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးရာတွင် သဘာပတိများက အဖွင့်အမှာစကားများပြောကြားကြပြီး ဦးဆောင်ဆွေးနွေးသူများက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေး၍ တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများအပေါ် ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကိုကျင်းပရာ သဘာပတိများဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း(အငြိမ်းစား)နှင့် ဗိုလ်ချုပ် စိုးနိုင်ဦး(အငြိမ်းစား)တို့က ဆွေးနွေးချက်အကြောင်းအရာများအပေါ် အနှစ်ချုပ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နှစ်ရက်တာ ဆွေးနွေးမှုများမှ Top-down နှင့် Bottom-up ပေါင်းစပ်ပြီး Multiple Entry, One Process ဖြင့် အားလုံးပါဝင်အောင် ဖော်ဆောင်ရေး၊ NCA အနှစ်သာရကိုအခြေခံ၍ ပြုပြင်ပြောင်းလဲရေးနှင့် လက်တွေ့အကျိုးပြု ငြိမ်းချမ်းရေးကို ဆက်စပ်ဆောင်ရွက်နိုင်ရေး (Review-in-Action & Nexus Approach)၊ အဆင့်စုံ ဆွေးနွေးမှု (Multi-Level Dialogue) နှင့် လူထုအခြေပြု ကြားဝင်ညှိနှိုင်းမှု (Community- Led Mediation) ဖော်ဆောင်ရေး၊ အပြုသဘောဆောင်သောငြိမ်းချမ်းရေး (Positive Peace) နှင့်ဒေသဖွံ့ဖြိုးရေး ချိတ်ဆက်ဖော်ဆောင်ရေး၊ ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုကို အပြန်အလှန် အကျိုးပြုစေခြင်း (Peace-Economy Nexus) နှင့် ဒေသတွင်းချိတ်ဆက်ဆောင်ရွက်ရေး၊ လူသားချင်းစာနာမှုအကူအညီများကို အသက်မွေးဝမ်းကျောင်းနှင့် ချိတ်ဆက်၍ ဒေသအလိုက်တည်ငြိမ်မှုရှိအောင် ဖော်ဆောင်ရေးတို့ကို အဓိကအနှစ်ချုပ်အဖြစ် သုံးသပ်တင်ပြပြီး ဆွေးနွေးမှုများမှရရှိသည့် အကြံပြုချက်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။ ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများက ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)မှ စိုင်းအိုက်ပေါင်း၊ ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီမှ နော်သဇင်တုပ်၊ ကယားပြည်နယ် ပြည်သူ့ပါတီမှ စောဒယ်နီယယ်နှင့် ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီမှ စောခွန်ကျော်ဝင်း၊ ကရင်တိုင်းရင်းသား ခေါင်းဆောင် စောမူတူးစေးဖိုးတို့က အမှတ်တရ ကျေးဇူးတင်စကားများ ပြောကြားသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အမှတ်တရ လက်ဆောင်ပေးအပ်ခြင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်စကား ပြောကြားရာတွင် အလုပ်ရုံဆွေးနွေးပွဲ၌ ဆွေးနွေးသူများက အချက်အလက်အပြည့်အစုံဖြင့် ဆွေးနွေးနိုင်ခဲ့ကြကြောင်း၊ ဆွေးနွေးမှုများအရ တိုင်းရင်းသားများတွင် ကိုယ်ပိုင်ယဉ်ကျေးမှုရှိကြပြီး အတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်လျက်ရှိကြကြောင်း၊ သဘာဝသယံဇာတများကို တည်ဆဲဥပဒေနှင့်အညီ စနစ်တကျ ထုတ်ယူသွားကြရန်လိုကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ဘုံရည်မှန်းချက်အဖြစ်ထားရှိပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တစ်ခုတည်းသောလုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်သွားရန်လိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများရှိနေခြင်းသည် ငြိမ်းချမ်းရေးကို ထိခိုက်စေကြောင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် မီဒီယာများက အပြုသဘောဆောင်၍ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပူးပေါင်း ဆောင်ရွက်ပေးသွားရန်လိုကြောင်းတို့ကို ပြောကြား၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ဆက်လက်ကျင်းပ



နေပြည်တော် အောက်တိုဘာ ၁၆

၂၀၂၆ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်းရတနာကုန်သည်များသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ(MSME)ကို အားပေးမြှင့်တင်ရန် အတွက် ခင်းကျင်းပြသထားသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ပြပွဲတွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများ အနက် အတွဲအမှတ် (၁၆၀၆) မှ (၂၃၅၅) အထိ အတွဲ ၇၅၀ ၏ ဈေးနှုန်း တင်သွင်းလွှာများကို တာဝန်ရှိသူများက စစ်ဆေးကာ ကျောက်စိမ်းအတွဲပေါင်း ၇၃၃ တွဲ ရောင်းချခဲ့ရကြောင်း ကြေညာသည်။

ယနေ့ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ပြည်တွင်းရတနာကုန်သည်များက အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများ ရွေးချယ်ကြည့်ရှုနေမှုနှင့် ဈေးနှုန်းပေးသွင်းလွှာများအား တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြပွဲဒသမနေ့တွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများ အနက် အတွဲအမှတ် (၂၃၅၆) မှ (၃၀၇၃) အထိ ၇၁၈ တွဲကို ပြည်တွင်းရတနာကုန်သည်များက ကြည့်ရှုစစ်ဆေး၍ ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြပြီး တင်ဒါပုံးများကို ညနေ ၅ နာရီတွင် ပိတ်သိမ်း၍ တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ အောက်တိုဘာ ၁၇ ရက်တွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ကြေညာသွားမည်ဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့အဖိုးတန်သယံဇာတများကို ရေရှည်တည်တံ့စေမှု၊ မြေသယံဇာတများကို ကန့်သတ်ထုတ်လုပ်မှု၊ ရေသယံဇာတများကို တိုးတက်ထုတ်လုပ်မှုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း ကာကွယ်နိုင်မှုတို့အကြား ဟန်ချက်ညီစွာ စီမံခန့်ခွဲခြင်းဖြင့် သယံဇာတစီမံခန့်ခွဲမှု လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမားသင်တန်း ဖွင့်လှစ်

**ပြင်ဦးလွင် အောက်တိုဘာ ၁၆**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ခုဘဏ္ဍာရေးနှစ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမားသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ဆင်ဖြူအင်းကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမားသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများမှ သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံ လွှဲပြောင်းခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလက်သမားသင်တန်းကို ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာများက လက်သမားသင်တန်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို အောက်တိုဘာ ၁၂ ရက်မှ အောက်တိုဘာ ၂၆ရက်အထိ ၁၅ ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းမှ လက်မှုရွာ(လက်ရက်ကန်း)စီမံကိန်း သင်တန်းဆင်းပွဲနှင့် သုံးစွဲခွင့်ပေးမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးကြပ်၍ တိုင်းဒေသကြီး အသေးစားစက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာနက တိုင်းဒေသကြီးအတွင်း MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားထုတ်ကုန်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ကာ စီမံကိန်းမှ လုပ်ငန်းထူထောင်လိုသူများကို စနစ်တကျရွေးချယ်၍ လုပ်ငန်းထူထောင်နိုင်စေရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို သုံးစွဲခွင့်ပေးအပ်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

အမရပူရမြို့နယ်ရှိ ဘုန်းတော်နိုင်ငံကျေးရွာအုပ်စုတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လက်မှုရွာ(လက်ရက်ကန်း)စီမံကိန်းမှ သင်တန်းဆင်းပွဲ၊ ထူးချွန်ဆုချီးမြှင့်ပွဲနှင့် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံက ဆောင်ရွက်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းမှ သင်တန်းဆင်းပွဲ၊ သုံးစွဲခွင့်ပေးမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံရှိ ရွှေလွန်းပျံခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြ သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် လက်မှုလုပ်ငန်းများ တိမ်ကောပပျောက်မှုမရှိစေရေး ပြည်တွင်း၊ ပြည်ပခရီးသွားများအား မြန်မာ့ရိုးရာလက်မှုလုပ်ငန်းများအား တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ကြည့်ရှုလေ့လာနိုင်စေရေး၊ မြန်မာ့ရိုးရာလက်မှုပညာရပ်များအား နောင်လာနောက်သားများအတွက် လက်ဆင့်ကမ်းအမွေပေးနိုင်ရေးနှင့် လက်မှုလုပ်ငန်းရှင်များ၏ လူမှုစီးပွားဘဝမြင့်မားစေရေးအတွက် ရည်ရွယ်၍ အမရပူရမြို့နယ်ရှိ ဘုန်းတော်နိုင်ငံ ကျေးရွာအုပ်စုတွင် လက်မှုရွာ(လက်ရက်ကန်း)နှင့် ညောင်ဦးမြို့နယ်ရှိ မြင်းကပါကျေးရွာတွင် လက်မှုရွာ(ယွန်းလက်မှုထည်) စီမံကိန်း(၂)ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသခံပြည်သူများအတွက်လည်း အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများ ပိုမိုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ရိုးရာယဉ်ကျေးမှုလုပ်ငန်းများကို ခေတ်နှင့်အညီ နည်းပညာများနှင့်ပေါင်းစပ်၍ ပြည်တွင်းဈေးကွက်သာမကဘဲ နိုင်ငံတကာဈေးကွက်များအထိ ရောက်ရှိနိုင်ရေးအတွက် အားလုံးပူးပေါင်းကာကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငှင်းနောက် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းဗိုလ်က အမရပူရမြို့နယ်ရှိ ဘုန်းတော်နိုင်ငံ ကျေးရွာအုပ်စုတွင် လက်မှုရွာ(လက်ရက်ကန်း)စီမံကိန်းနှင့် ညောင်ဦးမြို့နယ်ရှိ မြင်းကပါကျေးရွာတွင် လက်မှုရွာ(ယွန်းလက်မှုထည်)စီမံကိန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ ကျောင်းအုပ်ကြီး ဒေါ်ခင်ဝင်းကြည်က အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်မှုရွာ(လက်ရက်ကန်း) စီမံကိန်းမှ လက်ပန်းထိုးနည်းပညာသင်တန်း၊ သဘာဝဆိုးဆေး(Eco-Printing & Botanical Printing)နည်းပညာသင်တန်း၊ ဓာတုဆိုးဆေးနည်းပညာသင်တန်းတို့တွင် ထူးချွန်သင်တန်းသူများအား ထူးချွန်ဆုများကိုလည်းကောင်း၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းမှ လုပ်ငန်းထူထောင်မည့် သင်တန်းသူများအား သုံးစွဲခွင့်ပေးမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကိုလည်းကောင်း၊ အဆိုပါသင်တန်းများမှ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများထံသို့လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခင်းကျင်းပြသထားသည့် သင်တန်းထွက်ကုန်ပစ္စည်းများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် MSME လုပ်ငန်းများ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သွင်းကုန်အစားထိုး ပြည်တွင်းထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှု

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်း MSME လုပ်ငန်းများ ကဏ္ဍအလိုက်



ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ တန်ဖိုးမြင့်သွင်းကုန်အစားထိုး ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး အားပေးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်ရှိ လျှပ်စစ်ဓာတ်အားလိုင်းခွဲရုံများနှင့် လိုင်းဆွဲရာတွင် လိုအပ်သော သံထည်ဆက်စပ်ပစ္စည်းများ၊ Panel အမျိုးမျိုးထုတ်လုပ်တပ်ဆင်သည့် Kyaw Nyo Myat Substation Line Manufacturing စက်ရုံသို့ ရောက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့အား စက်ရုံမှ အုပ်ချုပ်မှုဒါရိုက်တာက ပြည်တွင်းမှထုတ်၍မရသည့် လျှပ်စစ်ပစ္စည်းများကို မှာယူတင်သွင်းမှုနှင့် ဖြန့်ဖြူးမှု၊ ပြည်တွင်း၌ ခွဲရုံနှင့် လိုင်းဆွဲရာတွင် လိုအပ်သော သံထည်ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှု၊ Panel အမျိုးမျိုးထုတ်လုပ်တပ်ဆင်နေမှု၊ ခွဲရုံနှင့်လိုင်းဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ လျှပ်စစ်ဓာတ်အားနှင့် ဆိုလာတွဲဖက်၍ လုပ်ငန်းလည်ပတ်နေမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံခြားငွေသုံးစွဲမှု လျော့နည်းစေရေးနှင့် သွင်းကုန်အစားထိုး ပြည်တွင်းမှာ အရည်အသွေးမြင့်ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း ပြောကြားပြီးနောက် စက်ရုံအတွင်း လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## သံဃာတော်များနှင့် သီလရှင်များအား UID ကတ်များပြုလုပ်ပေး

**လားရှိုး အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ လားရှိုးကြီးရပ်ကွက်ရှိ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်၌ သံဃာတော်များနှင့် သီလရှင်များအား UID ကတ်များ ပြုလုပ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းတိုက်၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လားရှိုးခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးကျော်မော်ထွန်းနှင့် ဝန်ထမ်းများ၊ ဒုတိယပြည်နယ်သာသနာရေးမှူး ဦးနိုင်မောင်မောင်စိုးနှင့် တာဝန်ရှိသူများက သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်နှင့် လားရှိုးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များနှင့် သီလရှင်ကျောင်းများမှ သီလရှင်များအား UID ကတ်များပြုလုပ်ပေးပြီး ဆက်ကပ်ကြသည်။

အဆိုပါဆောင်ရွက်ခြင်းကို သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်၌ အောက်တိုဘာ ၂၂ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လူမော်(ပြန်/ဆက်)**

၀-၀-၀-၀-၀

Mandalay City Development Committee
MANDALAY
• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# ကြက်ခြေနီနည်းပြဆရာများနှင့် စံပြကြက်ခြေနီများ၊ ထူးချွန်ကြက်ခြေနီများစုပေါင်းတွေ့ဆုံပွဲ ၂၀၂၆ ဖွင့်ပွဲအခမ်းအနားကျင်းပ

**မန္တလေး အောက်တိုဘာ ၁၆**

ကြက်ခြေနီနည်းပြဆရာများနှင့် စံပြကြက်ခြေနီများ၊ ထူးချွန်ကြက်ခြေနီများ စုပေါင်းတွေ့ဆုံပွဲ ၂၀၂၆ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပညာရေး ဒီဂရီကောလိပ် ပညာတန်ဆောင်ခန်းမတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များဖြစ်ကြသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သီတာကိုအောင်၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးလှသိန်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်၊ ကြက်ခြေနီနည်းပြဆရာများနှင့် စံပြကြက်ခြေနီများ၊ ထူးချွန်ကြက်ခြေနီများစုပေါင်းတွေ့ဆုံပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ဝင်းသီတာကျော်၊ ဒုဥက္ကဋ္ဌ ရဲသူရ ဦးသော်ဒါနှင့် ကော်မတီဝင်များ၊ နာယကအဖွဲ့ဝင် ဒေါက်တာခင်မောင်ကျော်၊ ဦးစိုင်းမောက်ဟိန်း၊ ဒေါက်တာအေးသက်လှိုင်၊ ဦးခင်သောင်း၊ ကြက်ခြေနီနည်းပြများ၊ စံပြနှင့်ထူးချွန်ကြက်ခြေနီများ ပါဝင်တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌက ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းအမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌတို့က အခမ်းအနားဖြစ်မြောက်ရေးအတွက် လှူဒါန်းခဲ့ကြသော အလှူရှင်များ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့သည်။



အဆိုပါတွေ့ဆုံပွဲတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ကြက်ခြေနီနည်းပြဆရာများ၊ စံပြကြက်ခြေနီများ၊ ထူးချွန်ကြက်ခြေနီများနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များ ပါဝင်တက်ရောက်ခဲ့ကြပြီး အောက်တိုဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ တွေ့ဆုံပွဲ ပထမနေ့တွင် အတွေ့အကြုံများနှင့် အသိပညာများကို အပြန်အလှန်ဆွေးနွေးမျှဝေခဲ့ကြပြီး ဒုတိယနေ့တွင် မန္တလေးမြို့တွင်း လေ့လာရေးသွားရောက်ကြမည်ဖြစ်ကာ တတိယနေ့တွင် မန္တလေးပညာရေးဒီဂရီကောလိပ်၊ ပညာတန်ဆောင်ခန်းမ၌ မျိုးဆက်သစ်ကြက်ခြေနီမောင်မယ်များကို လက်ဆင့်ကမ်းရန် အနာဂတ်မျှော်လင့်ချက်များနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။

ကြက်ခြေနီစေတနာရှင်များအနက် ၂၀၂၂ ခုနှစ်တွင် ရွှေရတုအထိမ်းအမှတ် စံပြတွေ့ဆုံပွဲကို ရန်ကုန်မြို့တွင်လည်းကောင်း၊ ကြက်ခြေနီနည်းပြများ တွေ့ဆုံပွဲကို ၂၀၂၃ ခုနှစ်တွင် ပြင်ဦးလွင်မြို့တွင်လည်းကောင်း ကျင်းပခဲ့ရာ ယခုနှစ်သည် ကြက်ခြေနီ နည်းပြဆရာများ၊ စံပြကြက်ခြေနီများနှင့် ထူးချွန်ကြက်ခြေနီများအားလုံး စုပေါင်းကျင်းပသောတွေ့ဆုံပွဲအခမ်းအနားဖြစ်ကြောင်းလည်း သိရသည်။ **(မန္တလေးနေ့စဉ်-၅)**

# စီးပွားရေးလုပ်ငန်းသုံးမီတာများ၊ စက်မှုလက်မှုသုံးမီတာများနှင့် အိမ်သုံးမီတာများအား တရားမဝင်ဓာတ်အားသုံးစွဲမှုများ ရှိ၊ မရှိ စီမံချက်ဖြင့် ရှောင်တခင်ကွင်းဆင်းစစ်ဆေး

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှု လျှော့ချရေးနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများ ပပျောက်စေရေးအတွက် အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးရှိ မြို့နယ်ခြောက်မြို့နယ်အတွင်း ဇရောဝတီမြစ်ဘေး ကမ်းနားလမ်းတစ်လျှောက်တွင် တပ်ဆင်အသုံးပြုနေသည့် MOF၊ CT၊ Power နှင့် အိမ်သုံးမီတာများကို စီမံချက်ဖြင့် ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌထံမှ သိရသည်။

"စစ်ဆေးရေးအဖွဲ့တွေနဲ့ ကမ်းနားလမ်းတစ်လျှောက်ရှိ စီးပွားရေးလုပ်ငန်းသုံး မီတာတွေ၊ စက်မှုလက်မှုသုံး မီတာတွေနဲ့ အိမ်သုံးမီတာတွေကို လျှပ်စစ်ဓာတ်အား အသုံးပြုသူတွေ တရားမဝင် ဓာတ်အားရယူသုံးစွဲခြင်းနဲ့ စနစ်တကျ ဓာတ်အားဆက်သွယ်သုံးစွဲခြင်းတွေ ရှိ၊ မရှိ အသေးစိတ် စစ်ဆေးကြတယ်၊ စစ်ဆေးတွေ့ရှိမှု ရလဒ်တွေအရ တိုက်ရိုက်၊ ဆင့်ပွားသုံးစွဲခြင်းတွေ တွေ့ရှိရပြီး လျှပ်စစ်ဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်နေပါတယ်"ဟု မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးတင်အောင်က ပြောသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဥက္ကဋ္ဌ ဦးတင်အောင် ဦးဆောင်၍ အထွေထွေမန်နေဂျာ (ဓာတ်အားဖြန့်ဖြူးရေး)နှင့် ခရိုင်၊မြို့နယ်တို့မှ လျှပ်စစ်မန်နေဂျာ၊ လျှပ်စစ်အင်ဂျင်နီယာများ ကြီးကြပ်မှုဖြင့် စုစုပေါင်းအင်အား ၁၇၃ ဦးပါ စစ်ဆေးရေးအဖွဲ့ ၂၉ ဖွဲ့မှ အဖွဲ့များခွဲ၍ ဇရောဝတီမြစ်ဘေး ကမ်းနားလမ်းတစ်လျှောက် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ အမရပူရမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်များတွင် တရားမဝင် ဓာတ်အားသုံးစွဲမှုများ ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(အောက်ဝဲပုံ)**



မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှုကြောင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေးအတွက် ယခုကဲ့သို့ စီမံချက်ဖြင့် ရှောင်တခင် ကွင်းဆင်းစစ်ဆေးမှုများကို ဆက်လက်အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း တရားမဝင် ဓာတ်အားသုံးစွဲမှုများကို မပြုလုပ်ကြပါရန်နှင့်တွေ့ရှိပါက သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများသို့ သတင်းပေးပို့ကြပါရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၄)**

# မတ္တရာမြို့နယ်၌ မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မတ္တရာ အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မတ္တရာမြို့နယ် ဦးစီးမှူးရုံး၌ မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စိစစ်ခြင်း လုပ်ငန်းများ ဆောက်ရွက်ရာသို့ မြို့နယ်မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့မှ ယနေ့မွန်းလွဲ ၁ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စိစစ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ မတ္တရာမြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာအုပ်စုများရှိ ၂၀၂၇ ခုနှစ်၊ မေ ၃၁ ရက်တွင် အသက် ၁၈ နှစ် ပြည့်မည့် လူဦးရေစာရင်းများ၊ အမည်စာရင်းများ တိုက်ဆိုင်စိစစ် ဆောင်ရွက်နေမှု အခြေအနေများအား မြို့နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးစိုးမြတ်သူနှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သီဟစိုးနှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ကြည့်ရှုစစ်ဆေးခဲ့ရာ မြို့နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌက စာရင်းများ အချိန်မီပြီးစီးရေးမှာကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)ရွှေရာသား**



# တောင်သမန်အင်းတွင် ငါးများ အစုလိုက်အပြုံလိုက် သေဆုံး

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်ရှိ တောင်သမန်အင်းတွင် ငါးများ အစုလိုက်အပြုံလိုက် သေဆုံးနေကြောင်း သိရသည်။ **(အောက်ယာပုံ)**

ငါးများ သေဆုံးရသည့် အကြောင်းရင်းကို လက်ရှိအချိန်အထိ အတည်ပြုနိုင်ခြင်းမရှိသေးသဖြင့် ရေထုအခြေအနေနှင့် ငါးသေဆုံးမှုဖြစ်စဉ်ကို သက်ဆိုင်ရာဌာနများက စစ်ဆေးဖော်ထုတ်ရန် လိုအပ်နေသည်။

တောင်သမန်အင်းတွင် ယခင်ကလည်း ငါးသေဆုံးမှုများ ဖြစ်ပွားခဲ့ဖူးပြီး ရေထုညစ်ညမ်းမှုသည် အင်း၏သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုတစ်ခုဖြစ်ကြောင်း မှတ်တမ်းများတွင် ဖော်ပြထားသည်။

ယခုဖြစ်စဉ်နှင့်ပတ်သက်၍ ငါးသေဆုံးမှု အတိုင်းအတာ၊ ဖြစ်ပွားသည့်နေရာနှင့် အကြောင်းရင်းတို့ကို သီးခြားအတည်ပြုရန် လိုအပ်နေကြောင်း သိရသည်။ **ကျော်ဇေယျ(မန္တလေးနေ့စဉ်)**



ရေနုတ်မြောင်းများသည် အမှိုက်စွန့်ပစ်ရန် နေရာမဟုတ်ပါ။

❖ ၂၀၂၆ ခုနှစ်မှ

ပြေးခုန်ပစ်ပြိုင်ပွဲ" (စတုတ္ထနေ့) လူရွေးပွဲ၊ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

ယနေ့ နံနက် ၆ နာရီ ၁၅ မိနစ်မှစတင်၍ ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသား/ အမျိုးသမီး (မာရသွန် မီတာ ၁၀၀၊ မီတာ ၁၅၀၀၊ မီတာ ၄၀၀၊ တန်းကျော်ပြေး မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း (Mixed)၊ တန်းမြင့်ခုန် သုံးဆင့်ခုန်၊ လုံးတံပစ်)ပြိုင်ပွဲ နောက်ဆုံးလူရွေးပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ခဲ့ကြသည်။

**အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် မာရသွန်ပြိုင်ပွဲတွင်** ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ စိုးပိုင်က ပထမ၊ အားကစားရေးရာဝန်ကြီးဌာနအသင်းမှ အောင်ကျော်ထက်က ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျော်ဇေလင်းက တတိယတို့ကိုလည်းကောင်း၊ **မီတာ ၁၀၀ ပြိုင်ပွဲတွင်** ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ထက်ရှိုင်းအောင်က ပထမနှင့် ကောင်းဆက်ဇော်က ဒုတိယ၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ဝေယံထက်က တတိယတို့ကိုလည်းကောင်း၊ **မီတာ ၁၅၀၀ ပြိုင်ပွဲတွင်** ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ဟိန်းထက်အောင်က ပထမ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းမှ ရဲရင့်အောင်က ဒုတိယ၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းမှ စောအယ်မှူးက တတိယတို့ကိုလည်းကောင်း၊ **မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင်** ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ဟန်မင်းစိုးက ပထမ၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းမှ ရှင်းသန့်ကျော်က ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ မြင့်ဝင်းက တတိယတို့ကိုလည်းကောင်း၊ **မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း (Mixed) ပြိုင်ပွဲတွင်** ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပထမ၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက တတိယတို့ကိုလည်းကောင်း၊ **သုံးဆင့်ခုန်ပြိုင်ပွဲတွင်** ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ဟိန်းထက်အောင်က ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ဝိုင်ထက်ပိုင်က ဒုတိယ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းမှ လှမျိုးနိုင်က တတိယတို့ကိုလည်းကောင်း၊ **လုံးတံပစ်ပြိုင်ပွဲတွင်** ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ နန်းထက်မောင်က ပထမ၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းမှ ဟိန်းသူအောင်က ဒုတိယ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ချစ်မင်းအောင်က တတိယတို့ကိုလည်းကောင်း ရရှိခဲ့သည်။



အလားတူ **အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲ** ပွဲစဉ်များဖြစ်သည့် **မာရသွန်ပြိုင်ပွဲတွင်** ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ အေးအေးမြို့က ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ လှိုင်လှိုင်မြင့်က ဒုတိယ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ဆန်လီက တတိယတို့ကိုလည်းကောင်း၊ **မီတာ ၁၀၀ ပြိုင်ပွဲတွင်** ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ နွေဦးခိုင်က ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ခိုင်သဇင်ဦးက ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ခင်ရတနာအောင်က တတိယတို့ကို လည်းကောင်း၊ **မီတာ ၁၅၀၀ ပြိုင်ပွဲတွင်** ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှရီမြဲက ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ နှင်းရွှေရည်က ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ဖြိုးဖြိုးအောင်က တတိယတို့ကို လည်းကောင်း၊ **မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင်** ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ဖြူဖြူထွေးက ပထမ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ပန်းအိစံက ဒုတိယ၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းမှ နှင်းပွင့်လှိုင်က တတိယတို့ကိုလည်းကောင်း၊ **တန်းမြင့်ခုန်ပြိုင်ပွဲတွင်** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းမှ မြတ်နိုးသူက ပထမ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ နန်းဖြူပြာမြင့်က ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ယဉ်ယဉ်စိုးက တတိယတို့ကိုလည်းကောင်း၊ **လုံးတံပစ်ပြိုင်ပွဲတွင်** ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းမှ မေသဇင်မိုးက ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ခိုင်မြတ်မွန်က ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ သွယ်သွယ်မိုးက တတိယတို့ကို လည်းကောင်း ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲများအသီးသီးတွင် ဆုရရှိခဲ့သူများအား မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဒုတိယဝန်ကြီးများက တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

**"၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ" အမျိုးသား ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲ**တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ သန့်စင်အောင်၏ စံချိန် ၁:၃၃.၁၄ စက္ကန့်သည် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ပထမ(ရွှေတံဆိပ်)ဆုရရှိသည့် စံချိန် ၁:၃၅.၂၅ စက္ကန့်ထက် သာလွန်ကောင်းမွန်သည့်အတွက် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်က ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း၊ **အမျိုးသမီး ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲ**တွင် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ သဲနုအောင်၏ စံချိန် ၁:၄၅.၂၆ စက္ကန့်သည်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ပထမ(ရွှေတံဆိပ်)ဆုရရှိသည့် စံချိန် ၁:၄၆.၅၂ စက္ကန့်ထက် သာလွန်ကောင်းမွန်သည့်အတွက် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်က ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀ ကို လည်းကောင်း၊ ရွှေတံဆိပ်ဆု ငါးခုဖြင့် **အကောင်းဆုံးအားကစားသမားဆု** (Best Player)ဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ဟိန်းထက်အောင်အား မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်က ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း၂၀ တို့ကို မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူတို့က လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် ရမှတ် ၁၄၂ မှတ်ဖြင့် အမျိုးသားတံခွန်စိုက် ဆုဖလားရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး ပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် ရမှတ် ၁၇၂ မှတ်ဖြင့် အမျိုးသမီးတံခွန်စိုက် ဆုဖလားရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် ရမှတ် ၂၈၂ မှတ်ဖြင့် စုပေါင်းတံခွန်စိုက် ဆုဖလားရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့အား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများကို အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ပေးအပ်ချီးမြှင့်ခဲ့ပြီး (ဝဲအပေါ်ပုံ) အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်ထင်၊ ဦးရဲတင့်၊ ဦးလင်းအောင်၊ ဦးသိုက်စိုး၊ ဒေါက်တာသောင်းနိုင်ဦး၊ ဦးမျိုးကျော်သူ၊ ဦးစစ်နိုင်၊ ဌာနဆိုင်ရာများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**"၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ"** ကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၃ ရက်မှ ၁၆ ရက်အထိ ပြိုင်ပွဲကာလ လေးရက်ကြာ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့၌ ကျင်းပခဲ့ရာ ဝန်ကြီးဌာန ၂၃ ခုတို့မှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၂၂ သင်း၊ အမျိုးသမီးအသင်း ၂၁ သင်း စုစုပေါင်း အင်အား ၄၈၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လျှပ်စစ်မီးကြိုးခိုးယူသူ သုံးဦးနှင့် ဝယ်ယူသူ နှစ်ဦး၊ စုစုပေါင်း ငါးဦးအား ဖမ်းဆီးအရေးယူ

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးမြို့ပေါ်ရှိ ထရန်စဖော်မာများမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး Feeder Cable ကြိုးများ ဖြတ်တောက်ခိုးယူခဲ့သူ သုံးဦးနှင့် ခိုးယူထားသည့် ကြိုးများကို ဝယ်ယူခဲ့သူ နှစ်ဦး၊ စုစုပေါင်း ငါးဦးအား ဖမ်းဆီးအရေးယူထားပြီး ဆက်စပ်အမှု ၂၅ မှု ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်ရှိ 200 KVA ထရန်စဖော်မာတစ်လုံးနှင့် 500 KVA ထရန်စဖော်မာ နှစ်လုံးတို့မှ Feeder Cable ကြိုးများ ဖြတ်တောက်ခိုးယူခံခဲ့ရခြင်းဖြစ်ပြီး ကာလတန်ဖိုးငွေကျပ် ၇၇ သိန်းခွဲ ခန့်ရှိသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အမှတ်(၅) မြို့မရဲစခန်းတွင် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုဖွင့်ခဲ့ပြီး ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရန် ဆောင်ရွက်ခဲ့သည်။



အောက်တိုဘာ ၁၀ ရက်က ၂၂လမ်းနှင့် ကမ်းနားလမ်းထောင့်၌ ယာဉ်စစ်ဆေးရေးဆောင်ရွက်စဉ် အဝါရောင် BAJAJ သုံးဘီးယာဉ်မောင်း ခင်မောင်ထူး (ခ) ရှက်ကူးလ်းထံမှ Tester တစ်ချောင်း၊ တူတစ်ချောင်းနှင့် ပလာယာနှစ်ချောင်းကို တွေ့ရှိခဲ့သဖြင့် ခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ခင်မောင်ထူးသည် စိုးသက်ပိုင် (ခ) ပိုင်လေး (ခ) မိုဘာရက်နှင့် အောင်ကျော်ကျော်(ခ)ဖိုဖိုက်တို့နှင့်အတူ မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်များတွင် ညပိုင်းအချိန်များ၌ လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

၎င်းတို့အား ထပ်မံစစ်ဆေးဖော်ထုတ်ရာ မဟာအောင်မြေခရိုင်ရဲတပ်ဖွဲ့နှင့် အမရပူရခရိုင်ရဲတပ်ဖွဲ့နယ်မြေများအတွင်း ဆက်စပ်အမှု ၂၅ မှု ပေါ်ပေါက်ခဲ့သည်။

ထို့ပြင် ခိုးယူထားသည့် လျှပ်စစ်မီးကြိုးများကို မဇင်မာဦးထံ ရောင်းချခဲ့ပြီး ၎င်းက အေးလင်းထံ တစ်ဆင့်ပြန်လည်ရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့် ခိုးယူသူများနှင့် ဝယ်ယူသူများအပါအဝင် စုစုပေါင်း ငါးဦးကို ဖမ်းဆီးအရေးယူထားပြီး သက်သေခံပစ္စည်းများကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

(ဓဝံ)

ကျော်ဇေယျ(မန္တလေးနေ့စဉ်)

# မီးလောင်မှုမဖြစ်ပေါ်စေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မြို့သစ် အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်မီးသတ်ဦးစီးဌာနမှ အယ်လ်နီညိုရာသီဥတုကြောင့် ရပ်ကွက် /ကျေးရွာများတွင် မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေး၊ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် အပေါ်ကြိုတင်ကာကွယ်ရေးနှင့်အရေး ပေါ်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစဉ်များအား အချိန်နှင့်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာဈေးအတွင်း အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝေလင်းကျော်၏ ကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူးနှင့် သနေ့မီးသတ်တပ်ဖွဲ့ဝင်များသည် မြို့မဈေးကြီးအတွင်းရှိ ဈေးရောင်း/ ဈေးဝယ်ပြည်သူများ၊ အဝေးပြေးကားဂိတ်နှင့် သုံးဘီးကားဂိတ်များမှ ခရီးသွားပြည်သူများအား မီးသတိမူရေး၊ မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးနှင့် ရာသီဥတုဆိုင်ရာသတိပေးနိုးဆော်ချက်များအား စဉ်ဆက်မပြတ်သိရှိအောင် ဆောင်ရွက်ကြရန် အသိပညာပေးပြောကြားပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ဝင်းအိစွန်(မြန်/ဆက်)**



# ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား လုပ်ငန်းသုံးပစ္စည်းများနှင့် အတူဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၆

နိုင်ငံတော်အစိုးရအနေဖြင့် လူမှု စီးပွားဘဝများကို ထိခိုက်ပျက်စီး အောင် အလုံးစုံအန္တရာယ်ပေးလျက် ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန် ခြင်းများအား တားဆီးကာကွယ် ခြင်းနှင့် ရှာဖွေဖော်ထုတ် ဖမ်းဆီး အရေးယူခြင်းများကိုအမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေး ထား ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး မြို့ နယ်မြေ(၁၉) ရပ်ကွက်(၁၂) အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေ ကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က ယမန်နေ့ ညပိုင်း တွင် သွားရောက် ရှာဖွေစစ်ဆေး ခြင်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါ ရပ်ကွက် ဆင်းရွှေလီလမ်းသွယ်



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများ အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။




ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၁၂)အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများ ဖမ်းဆီးရမိသည့် နေရာကို တွေ့ရစဉ်။

(၇)ရှိ နေအိမ်တစ်လုံး၌ အွန်လိုင်း လိမ်လည် လောင်းကစားမှု လုပ်ကိုင်နေသူ မြန်မာနိုင်ငံသား အမျိုးသား ၃ ဦး အမျိုးသမီး ၁ ဦး စုစုပေါင်း ၄ ဦးတို့အား ဖုန်းမျိုးစုံ ၆ လုံး၊ Laptop ၃ လုံး၊ 12V Battery ၁ လုံး၊ Solar ၁ ချပ်၊ Wifi စက် ၁ လုံး၊ အခြားဆက်စပ်ပစ္စည်းများ အား မြန်မာငွေကျပ် ၂၀၅၀၀၀ နှင့် အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ သည်။

အဆိုပါ ဆက်စပ်ပစ္စည်းများနှင့် အတူဖမ်းဆီးရမိသူများအားလားရှိုး မြို့မရဲစခန်း၌ အီလက်ထရောနစ် ဥပဒေပုဒ်မ ၃၃(က)ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်သွားမည်ဖြစ် ကြောင်းနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အခြေချ လုပ်ကိုင်နိုင်ခြင်း မရှိစေရေးနှင့် အပြီးတိုင် ပပျောက်စေရေးတို့ အတွက် အမြစ်ပြတ်တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန် မပြတ် အထူးအလေးထား၍ ဆက်လက် ဆောင်ရွက်လျက်ရှိ ကြောင်း သတင်းရရှိသည်။ ၁၀၀

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁၃ ထပ် အဆောက်အအုံ ၁ လုံးအား ထပ်မံဖြိုချဖျက်ဆီး၊ ကျန်အဆောက်အအုံများအား ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်

နေပြည်တော် အောက်တိုဘာ ၁၆

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု (ONLINE SCAM)များ ပပျောက်စေ ရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထားနှိမ်နင်းလျက် ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အများဆုံးအခြေချ လုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ တရားမဝင်အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ၁၃ ထပ်အဆောက်အအုံ ၁ လုံးအား ယမ်းဖြင့် ထပ်မံဖောက်ခွဲဖြိုချဖျက်ဆီး ခဲ့ကြောင်းနှင့် ၅ ထပ် အဆောက်အအုံ ၂ လုံးအား ယာဉ်ယန္တရားများဖြင့် စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီး ရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီး မည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက်ခွဲခြား သတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးရမည့် အဆောက်အအုံများ အနက် ၅ ထပ် အဆောက်အအုံ ၁ လုံးမှာ ဖြိုချဖျက်ဆီးမှု ၉၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး ထပ်မံ၍ ၅ ထပ်အဆောက်အအုံ ၁ လုံးမှာ ၆၅ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် ဖောက်ခွဲ၍ဖြိုချဖျက်ဆီး မည့် ၁၃ ထပ် အဆောက်အအုံ ၁ လုံးအား ယမ်းဖြင့် ထပ်မံဖောက်ခွဲ၍ အလုံးစုံဖြိုချဖျက်ဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။




ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် ဖျက်ဆီးရန်ကျန် အဆောက်အအုံ ၅၉ လုံးအား စနစ် တကျ ဆက်လက်၍ဖြိုချဖျက်ဆီးသွားမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင် သည်အထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေးနှိမ်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀

# တာချီလိတ်မြို့တွင် ငွေကျပ် ခုနစ်ဘီလီယံကျော်တန်ဖိုး၊ မြိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ တန်ဖိုးနှင့် တောင်ကြီးမြို့တွင် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၆

တာချီလိတ်မြို့တွင် ငွေကျပ် ခုနစ်ဘီလီယံကျော် တန်ဖိုး၊ မြိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ တန်ဖိုး နှင့် တောင်ကြီးမြို့တွင် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိပြီး ဖမ်းဆီး ရမိသူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူ ထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၄ ရက်မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်နေ စိုင်းငင်း(ခ)အိုက်အေး (၃၁)နှစ်နှင့် မနန်းစံဖောင်း (၂၉)နှစ်တို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါး ကတ်တမင်းအဆီ ၂၆ ဒသမ ၁၅ လီတာ (တစ်လီတာလျှင် ငွေကျပ်သိန်း ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၇ ဒသမ ၈၄၅ ဘီလီယံ)၊ စိတ်ကြွဆေးပြား ၂၀၀ (တစ်ပြားလျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၈၀၀၀၀)၊ စိတ်ပြောင်းဆေးဝါး ကတ်တမင်းအမှုန့် ၃၀ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၉၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၂၇၀၀၀၀ )၊ အနံ့ဆေးရည် ကိုးလီတာ (တစ်လီတာလျှင်ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄၅၀၀၀) စုစုပေါင်း တန်ဖိုး ငွေကျပ် ၇ ဒသမ ၈၄၅၃၉၅ ဘီလီလံအား သိမ်းဆည်း ရမိသဖြင့် စိုင်းငင်း(ခ)အိုက်အေးနှင့် မနန်းစံဖောင်း တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် သတင်းအရ မြိတ်မြို့နယ် မဇောကျေးရွာ အုပ်စု ပသောင်း - ကြေးနန်းတိုင်တံတားအနီးတွင် မြိတ်မှ ကော့သောင်းသို့ မောင်းနှင်လာသည့် HIACE အမျိုးအစား ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေး ရှာဖွေရာ ယာဉ်ပေါ်တွင်လိုက်ပါလာသူ ခရီးသည် ကော့သောင်းမြို့နယ် မာရမ်းရွာနေ မနှင်းသီတာဖြိုး (ခ)နှင်းနှင်း (၂၅)နှစ်ထံမှ စိတ်ကြွဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် သိန်း ၂၅၀)ကို သိမ်းဆည်းရမိပြီး ကွင်းဆက်အရ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲတွင် အထက်ပါ ပူးပေါင်းအဖွဲ့သည် စိတ်ကြွဆေးပြားများရောင်းချ ပေးသူ မြိတ်မြို့နယ် ပဂျီရောင်ရွာနေ ထွန်းထွန်းဝင်း (ခ)ထွန်းထွန်း (၄၈)နှစ်၏ နေအိမ်မှ စိတ်ကြွဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၅၀)ကို ထပ်မံ သိမ်းဆည်းရမိသဖြင့် မနှင်းသီတာဖြိုး(ခ)နှင်းနှင်းနှင့် ထွန်းထွန်းဝင်း (ခ)ထွန်းထွန်းတို့အား မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အသီးသီးအရေးယူထားကြောင်း သိရသည်။

ထို့အတူ အောက်တိုဘာ ၁၄ ရက် ည ၇ နာရီခွဲ


တရားခံ စိုင်းငင်း(ခ)အိုက်အေးနှင့် မနန်းစံဖောင်းတို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

တွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် နယ်မြေ(၁)နေ ခွန်ကျော်ထက်(ခ) လဘုန်း(၂၄)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၃၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၃၀) ကို သိမ်းဆည်းရမိသဖြင့် ခွန်ကျော်ထက်(ခ)လဘုန်း အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်




## နည်းပြ ကာရစ်ကို ရာထူးမှ ထုတ်ပယ်ပေးရန် မန်ယူအသင်းထံ ပရိသတ်များတောင်းဆို



**လန်ဒန် အောက်တိုဘာ ၁၆**

မန်ယူအသင်း ပရိသတ်များသည် လက်ရှိအချိန်တွင် ရလဒ်များဆိုးရွားနေခြင်းကြောင့် နည်းပြ ကာရစ်ကို ရာထူးမှ ထုတ်ပယ်ပေးရန် အသင်းထံ တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။

မန်ယူအသင်းသည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အမှတ်ပေးဇယားအဆင့် (၁၃)နေရာအထိ ရောက်ရှိပြီး ရလဒ်များ ဆိုးရွားနေခြင်းကြောင့် အသင်းပရိသတ်များက တောင်းဆိုလာခြင်းဖြစ်သည်။

ထို့ပြင် နည်းပြ ကာရစ်သည် ပရီးမီးယားလိဂ်၏ ထုတ်ပယ်ခံရနိုင်သည့် နည်းပြ ရေပန်းစားမှုတွင်လည်း ထိပ်ဆုံးနေရာတွင် ရပ်တည်လျက်ရှိသည်။

ထို့ကြောင့် မန်ယူအသင်းအနေဖြင့် အသင်းပရိသတ်များ တောင်းဆိုထားသည့်အတိုင်း နည်းပြ ကာရစ်ကို ရာထူးမှ ထုတ်ပယ်သွားမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ဝဲပုံ)

(NGB)

## ဒန်နီရယ်ဘန်ဂျာကွိုကို ခေါ်ယူရန် စပါးအသင်းနှင့်ဘာရိုက်တန်အသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် အောက်တိုဘာ ၁၆**

စပါးအသင်းနှင့် ဘာရိုက်တန်အသင်းတို့သည် ဘင်ဖီကာအသင်းနောက်ခံကစားသမား ဒန်နီရယ်ဘန်ဂျာကွိုကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၁၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် စပါးအသင်းနှင့် ဘာရိုက်တန်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဘင်ဖီကာအသင်းကလည်း ဒန်နီရယ်ဘန်ဂျာကွိုအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် စပါးအသင်းနှင့် ဘာရိုက်တန်အသင်းတို့အနေဖြင့် မည်သည့်အသင်းက ဘင်ဖီကာအသင်းထံမှ ဒန်နီရယ်ဘန်ဂျာကွိုကို ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။



(အပေါ်ပုံ) (NGB)



## ဂျူဗင်တပ်အသင်းက ဆဲလ်တာဗီဂိုအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**တူရင် အောက်တိုဘာ ၁၆**

ဥရောပယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ် အဆင့်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဂျူဗင်တပ်အသင်းနှင့် ဆဲလ်တာဗီဂိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျူဗင်တပ်အသင်းက ဆဲလ်တာဗီဂိုအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဂျူဗင်တပ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၅၉မိနစ်တွင် နစ်ခ်ဝေါလ်တာမိတ်ခ်၊ ပွဲချိန် (၉၀+၂)မိနစ်တွင် ကိုလိုမူအာနီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဂျူဗင်တပ်အသင်းသည် ဥရောပယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ် အဆင့်ပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၂၂ရက်တွင် ရင်းနက်စ်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (အပေါ်ပုံ) (NGB)

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၇-၁၀-၂၀၂၆ ညနေ၆း၀၀နာရီ | အဲဗာတန် - ချဲလ်ဆီး | အဲဗာတန် ၃-၀ ချဲလ်ဆီး<br>ချဲလ်ဆီး ၂-၀ အဲဗာတန် |
| ၁၇-၁၀-၂၀၂၆ ည၈း၃၀နာရီ | ဘရန့်ဖို့ဒ် - လီဗာပူး | ဘရန့်ဖို့ဒ် ၃-၂ လီဗာပူး<br>လီဗာပူး ၁-၁ ဘရန့်ဖို့ဒ် |
| ။ | ဖူလ်ဟမ် - ဟားလ်စီးတီး | ဖူလ်ဟမ် ၂-၂ ဟားလ်စီးတီး<br>ဟားလ်စီးတီး ၆-၀ ဖူလ်ဟမ် |
| ။ | မန်စီးတီး - အစ်ဗာတန်ရှဲ | မန်စီးတီး ၄-၁ အစ်ဆွစ်ရှ်<br>အစ်ဆွစ်ရှ် ၀-၆ မန်စီးတီး |
| ၁၇-၁၀-၂၀၂၆ ည၁၁း၀၀နာရီ | နယူးကာဆယ် - ဗီလာ | နယူးကာဆယ် ၀-၂ ဗီလာ<br>ဗီလာ ၀-၀ နယူးကာဆယ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၇-၁၀-၂၀၂၆ ည၈း၀၀နာရီ | ဟမ်းဘတ် - စတုဂတ် | ဟမ်းဘတ် ၂-၁ စတုဂတ်<br>စတုဂတ် ၄-၀ ဟမ်းဘတ် |
| ။ | အဲလ်ဟာစ်ဘတ် - အော့စ်ဘတ် | —— |
| ။ | ရှော်လ်ကေး - မိန့်ဇ် | ရှော်လ်ကေး ၁-၀ မိန့်ဇ်<br>မိန့်ဇ် ၂-၃ ရှော်လ်ကေး |
| ။ | ယူနီယံဘာလင် - ဒေါ့မွန် | ယူနီယံဘာလင် ၀-၃ ဒေါ့မွန်<br>ဒေါ့မွန် ၃-၀ ယူနီယံဘာလင် |
| ။ | ဝဒါဘရီမင် - ပါဒါဘွန်း | ဝဒါဘရီမင် ၀-၁ ပါဒါဘွန်း<br>ပါဒါဘွန်း ၁-၅ ဝဒါဘရီမင် |
| ။ | ဘိုင်ယန်မြူးနစ် - လိုက်ပဇစ် | ဘိုင်ယန်မြူးနစ် ၆-၀ လိုက်ပဇစ်<br>လိုက်ပဇစ် ၁-၅ ဘိုင်ယန်မြူးနစ် |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၇-၁၀-၂၀၂၆ ည၈း၃၀နာရီ | ဝက်စ်ဘရွန်း - ဘလက်ဘန်း | ဝက်စ်ဘရွန်း ၁-၀ ဘလက်ဘန်း<br>ဘလက်ဘန်း ၀-၀ ဝက်စ်ဘရွန်း |
| ။ | ဆွမ်ဆီး - ဝက်စ်ဟမ်း | —— |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၇-၁၀-၂၀၂၆ ညနေ၆း၃၀နာရီ | အက်စ်ပန်ညို - အက်သလက်တီကို | အက်စ်ပန်ညို ၂-၁ အက်သလက်တီကို<br>အက်သလက်တီကို ၄-၂ အက်စ်ပန်ညို |
| ၁၇-၁၀-၂၀၂၆ ည၈း၄၅နာရီ | ဗီလာရီးရဲလ် - အယ်လ်ချီ | ဗီလာရီးရဲလ် ၂-၁ အယ်လ်ချီ<br>အယ်လ်ချီ ၁-၃ ဗီလာရီးရဲလ် |
| ၁၇-၁၀-၂၀၂၆ ည၁၁း၀၀နာရီ | ဘက်တစ် - ဘာစီလိုနာ | ဘက်တစ် ၃-၅ ဘာစီလိုနာ<br>ဘာစီလိုနာ ၃-၁ ဘက်တစ် |
| ၁၈-၁၀-၂၀၂၆ နံနက်၀၁း၃၀နာရီ | ဗလင်စီယာ - ဘီလ်ဘာအို | ဗလင်စီယာ ၂-၀ ဘီလ်ဘာအို<br>ဘီလ်ဘာအို ၀-၁ ဗလင်စီယာ |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၇-၁၀-၂၀၂၆ ည၉း၄၅နာရီ | စထာရာဘော့စ် - ပီအက်စ်ဂျီ | စထာရာဘော့စ် ၁-၂ ပီအက်စ်ဂျီ<br>ပီအက်စ်ဂျီ ၃-၃ စထာရာဘော့စ် |
| ၁၈-၁၀-၂၀၂၆ နံနက်၀၁း၁၅နာရီ | လိုင်လီ - ဘရက်စ် | လိုင်လီ ၁-၁ ဘရက်စ်<br>ဘရက်စ် ၃-၃ လိုင်လီ |
| ၁၈-၁၀-၂၀၂၆ နံနက်၀၁း၁၅နာရီ | ထရွိုင်းယက်စ် - လန်းစ် | ထရွိုင်းယက်စ် ၁-၁ လန်းစ်<br>လန်းစ် ၁-၀ ထရွိုင်းယက်စ် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၇-၁၀-၂၀၂၆ ည၇း၃၀နာရီ | ဗင်နီဇီယာ - နာပိုလီ | ဗင်နီဇီယာ ၀-၀ နာပိုလီ<br>နာပိုလီ ၁-၀ ဗင်နီဇီယာ |
| ၁၇-၁၀-၂၀၂၆ ည၁၀း၃၀နာရီ | ဘိုလော့ဂ်နာ - အင်တာမီလန် | ဘိုလော့ဂ်နာ ၃-၃ အင်တာမီလန်<br>အင်တာမီလန် ၃-၁ ဘိုလော့ဂ်နာ |
| ၁၈-၁၀-၂၀၂၆ နံနက်၀၁း၁၅နာရီ | ရိုးမား - ဂျီနိုအာ | ရိုးမား ၃-၁ ဂျီနိုအာ<br>ဂျီနိုအာ ၂-၁ ရိုးမား |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၇-၁၀-၂၀၂၆ စနေနေ့ | ညနေ၃း၃၀နာရီ | ဧရာဝတီ - ရှမ်း | ဧရာဝတီ ၁-၃ ရှမ်း<br>ရှမ်း ၃-၁ ဧရာဝတီ |
| ။ | ။ | ချင်းလန် - ရန်ကုန်စီးတီး | —— |
| ။ | ။ | ရန်ကုန် - မြဝတီ | ရန်ကုန် ၅-၀ မြဝတီ<br>မြဝတီ ၁-၄ ရန်ကုန် |




## တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိခဲ့သောအသင်းအား ကြိုဆိုဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီခွဲက ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် စုပေါင်းတံခွန်စိုက် ဆုဖလားရရှိခဲ့သော ရှမ်းပြည်နယ် ပြေးခုန်ပစ်အသင်းအား ကြိုဆိုဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုလို အောင်မြင်မှုရရှိအောင် ဝိုင်းဝန်းကြိုးစားပေးခဲ့ကြတဲ့ ရှမ်းပြည်နယ်ပြေးခုန်ပစ်အသင်း အုပ်ချုပ်သူ၊ နည်းပြတွေနဲ့ ကစားသမားတွေကို အထူးကျေးဇူးတင်ရှိကြောင်း၊ ရှမ်းပြည်နယ် ပြေးခုန်ပစ်အသင်း အနေနဲ့ အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့ နောက်ယှဉ်ပြိုင်မယ့် ပြိုင်ပွဲတွေမှာ တာဝန်ရှိသူတွေက လူရွေးချယ်ရေးစီမံချက်၊ အောင်နိုင်ရေးစီမံချက်တွေကို စနစ်တကျရေးဆွဲပြီး ဆောင်ရွက်ပေးကြဖို့နဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ရွေးစင်ကစားသမားအဆင့်မှသည် နိုင်ငံ့ဂုဏ်ဆောင်နိုင်မယ့် နိုင်ငံ့လက်ရွေးစင်အားကစားသမားတွေ ဖြစ်လာအောင် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိခဲ့သော ရှမ်းပြည်နယ်အသင်းမှ တံခွန်စိုက်ဖလားအပ်နှံရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုဆု ငွေကျပ် သိန်း ၁၀၀ ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲအသီးသီးတွင် ဆုရရှိခဲ့သူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် ရှမ်းပြည်နယ်အောင်ပွဲရ ပြေးခုန်ပစ်အသင်း အုပ်ချုပ်သူ စိုင်းယဉ်မင်းပိုက်က ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တာဝန်ရှိသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၆၈)

## ယွန်းထည်လက်မှုရှာစီမံကိန်း ရွှေဇဝါယွန်းနည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**ညောင်ဦး အောက်တိုဘာ ၁၆**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ညောင်ဦးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ယွန်းထည်လက်မှုရှာစီမံကိန်း၊ ရွှေဇဝါယွန်းနည်းပညာသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက မနူဟာဘုရားကြီး၊ ဓမ္မာရုံတွင် ကျင်းပခဲ့သည်။

အဆိုပါဖွင့်ပွဲတွင် ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်က အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာလင်းက ယွန်းထည်လက်မှုရှာစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်တင့်တင့်အောင်၊ ညောင်ဦးခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မျိုးခိုင်တို့က ရွှေဇဝါယွန်းနည်းပညာသင်ထောက်ကူပစ္စည်းများကို သင်တန်းသား၊ သင်တန်းသူများအား ပေးအပ်ခဲ့သည်။ ထို့နောက် ယွန်းပညာကောလိပ်(ပုဂံ)ကျောင်းမှ ရွှေဇဝါယွန်းပညာသင်ကြားပို့ချမည့် သင်တန်းဆရာများအား ညောင်ဦးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးက အမှတ်တရလက်ဆောင် ပေးအပ်ခဲ့သည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ရွှေဇဝါယွန်းနည်းပညာသင်ထောက်ကူပစ္စည်းများအား ကြည့်ရှုခဲ့သည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများနှင့် စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ခဲ့ပြီး သင်တန်းကာလ ၁၅ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)(၄၈၁)



တံတားနှင့်လမ်း၊
ဆေးခန်းနှင့်ကျောင်း၊
ဆည်မြောင်းနှင့်ကန်၊
သစ်ပင်ရုံမှ
သဏ္ဌာန်လှပ၊
ပန်းရလိမ့် ။

## အယ်လ်နီညိုနှင့် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် အယ်လ်နီညိုနှင့်အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၁၁ နာရီခွဲက အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၊ ပန်းမျိုးတစ်ရာခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ချမ်းအေးသာစံမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြင့်မိုရ်စိုး၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ ချမ်းအေးသာစံမြို့နယ် ပညာရေးမှူး ဒေါ်ဝါဝါကျော်၊ ချမ်းအေးသာစံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သက်စုထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ကြက်ခြေနီအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ချောစုလွင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၄၀၀ ဦး တက်ရောက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ပြင်းထန်အယ်လ်နီညိုအကြောင်း ဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာချမ်းစိမ့်စိမ့်ချမ်းက အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်တို့ကို အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကာ တက်ရောက်လာသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ပြီး အပူဒဏ်ကာကွယ်ရေးအတွက် ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

(ဝ၄၁)

*-*-*-*-*-*-*

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ(အတိုး၊ အရင်း) ပြန်လည်ကောက်ခံရရှိရေး အသင်းသား၊ အသင်းသူများနှင့် ဆွေးနွေး

**ဇမ္ဗူသီရိ အောက်တိုဘာ ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တဲကြီးကုန်းကျေးရွာ၌ အသင်းသား၊ အသင်းသူများထံမှ စီမံကိန်းရန်ပုံငွေ(အတိုး၊အရင်း)များ ပြန်လည်ကောက်ခံရရှိရေးအတွက် ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းပါ မူဘောင်များနှင့်အညီ စနစ်တကျ လုပ်ကိုင်ကြရန်၊ စီမံကိန်းချေးငွေများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်စွာ ရေးသွင်း၍ စနစ်တကျ ပြုစုထိန်းသိမ်းဆောင်ရွက်ရန်၊ သတ်မှတ်လအလိုက် ပေးဆပ်ရမည့် ချေးငွေများကို အချိန်မီပြန်လည်ပေးဆပ်၍ စီမံကိန်းလုပ်ငန်းများကို စနစ်တကျ လည်ပတ်လုပ်ကိုင်ကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူများက မိမိတို့ကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များနှင့် ငွေစာရင်းဇယားများ ပြုစုထိန်းသိမ်းထားရှိမှုများကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။



(ဝဲပုံ)

(၄၄၅)

# ယူနန်ပြည်နယ်အစီအစဉ်ဖြင့် အင်းစိန်အမှတ်(၆) အထက်တန်းကျောင်းတွင် ငွေကျပ်သိန်း ၁၆၀၀ကျော်တန်ဖိုးရှိ ဆိုလာစနစ် တပ်ဆင်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၏ 'စိတ်ချင်းယှက်နွယ် ယူနန်ပြည်နယ်' အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် ငွေကျပ်သိန်း ၁၆၀၀ ကျော်တန်ဖိုးရှိ နေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစနစ် တပ်ဆင်လှူဒါန်းခဲ့ရာ လုပ်ငန်းပြီးစီးမှု လွှဲပြောင်းပေးအပ်ခြင်းကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျောင်းရှိ ပညာတံခွန်ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားကို ကျောင်းသူလေးများက 'အောင်ပါစေ' တေးသီချင်းဖြင့် ကပြဖျော်ဖြေဖွင့်လှစ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာန ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဝင်းအောင်၊ အလှူရှင် ယူနန်ပြည်နယ် ပြည်သူ့နိုင်ငံခြားချစ်ကြည်ရေးအသင်းမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Yang Sheng နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနမှ သံမှူး Ou Yang Daobing တို့က အမှာစကားများ ပြောကြားခဲ့ကြသည်။



ထို့နောက် အင်းစိန်မြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး Yang Sheng၊ Ou Yang Daobing နှင့် Sunshine Energy Technology Co., Ltd. မှ MENG FEI (ခ)ဒေါ်ကြည်လင်းတို့က ဆိုလာဓာတ်အားပေးစီမံကိန်း လုပ်ငန်းပြီးစီးမှုဆိုင်ရာ စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာကြီးထံ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။ ကျောင်းအုပ်ဆရာကြီးကလည်း အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ စီမံကိန်းအတွက် ယူနန်ပြည်နယ် ပြည်သူ့နိုင်ငံခြားချစ်ကြည်ရေးအသင်းနှင့် ချူကျင်းမြို့ ပြည်သူ့အစိုးရ နိုင်ငံခြားရေးရာရုံးတို့က အဓိကကူညီပံ့ပိုးလှူဒါန်းခဲ့ခြင်းဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ ၁၈၀၀ ကျော် စာသင်ကြားနိုင်ရေးအတွက် ဆိုလာပြား ၅၄ ချပ်၊ အင်ဗာတာ သုံးလုံးနှင့် ဘက်ထရီ ခြောက်လုံး ပါဝင်သည့် ငွေကျပ်သိန်း ၁၆၀၀ ကျော်တန်ဖိုးရှိ စနစ်ကို တပ်ဆင်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ စနစ်သည် တစ်နေ့လျှင် ၉၆ ဒသမ ၂၅ ကီလိုဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ယူနန်ပြည်နယ်၏ 'စိတ်ချင်းယှက်နွယ် ယူနန်ပြည်နယ်' အစီအစဉ်အရ ယခုနှစ် ဖေဖော်ဝါရီ ၇ ရက်ကလည်း နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ငွေကျပ်သိန်း ၁၆၀၀ ကျော်တန်ဖိုးရှိ နေစွမ်းအင်သုံး ဆိုလာလျှပ်စစ်စနစ်ကို တပ်ဆင်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ (ဝဲပုံ)

အလားတူ မန္တလေးမြို့တွင်လည်း အဆိုပါ အစီအစဉ်အရ လာရောက် လှူဒါန်းသွားရန်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)



# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**မန္တလေး အောက်တိုဘာ ၁၆**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(မန္တလေးရုံးခွဲ)မှ ကြီးမှူး၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီခွဲမှ ၁၁ နာရီ ၄၅ မိနစ်အထိ မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၂၁)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာအသိပညာများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(မန္တလေးရုံးခွဲ)မှ ဦးစီးအရာရှိ ဦးစိုးပိုင်ကလည်းကောင်း၊ အလယ်တန်းကျောင်းသား၊ ကျောင်းသူများအား သက်ဆိုင်ရာအသိပညာများကို ဦးစီးအရာရှိ ဦးထွန်းလင်းကလည်းကောင်း အသီးသီး ရှင်းလင်းဟောပြောခဲ့ကြသည်။

ဟောပြောပွဲတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဂတိလိုက်စားမှု၏ အဓိပ္ပာယ်၊ ဆိုးကျိုးများနှင့် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများကို သိရှိနားလည်ပြီး နေ့စဉ်ဘဝတွင် ရိုးသားဖြောင့်မတ်စွာ နေထိုင်လိုက်နာနိုင်ရေးအတွက် ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ အမှတ်(၂၁) အခြေခံပညာမူလတန်းလွန်ကျောင်းမှ မူလတန်းကျောင်းသား၊ ကျောင်းသူ ၁၁၅ ဦးနှင့် ဆရာ၊ ဆရာမ လေးဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၈၃ ဦးနှင့် ဆရာ၊ ဆရာမ လေးဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၈)

# AYA Bank Mandalar Futsal League 2026 ပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ဖူဆယ်ဘောလုံးဆပ်ကော်မတီမှ ကြီးမှူးကျင်းပသော AYA Bank Mandalar Futsal League 2026 ပြိုင်ပွဲ၏ ဆုပေးပွဲကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားဝင်း၊ Multipurpose stadium တွင် ကျင်းပခဲ့သည်။ **(အောက်ယာပုံ)**

အဆိုပါ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာသိပ္ပံဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး၊ မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံး ဆပ်ကော်မတီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ နည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ပရိသတ်များ တက်ရောက်အားပေးကြရာ ပြိုင်ပွဲမစတင်မီနှင့် နားချိန်များတွင် မန္တလာလိဂ်သီချင်း၏ မူရင်းအဆိုရှင်ခိုင်ဇျာန်နှင့် Cheerleader အကအဖွဲ့တို့က တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက် Finalပြိုင်ပွဲကို Mali Kyal Sin နှင့် TG United အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ Mali Kyal Sin မှ ၂ း ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့သည်။

ဆက်လက်၍ AYA Bank Mandalar Futsal League 2026 ပြိုင်ပွဲတွင် ပါဝင်ခဲ့ကြသည့် ဒိုင်လူကြီးများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုကို KH အသင်းမှလည်းကောင်း၊ အကောင်းဆုံးဂိုးသမားဆုကို TG အသင်း ကျောနံပါတ် ၁၂ မှ လည်းကောင်း၊ အကောင်းဆုံး ကစားသမားဆုကို Mali Kyal Sin အသင်း ကျောနံပါတ် ၁၀ မှ လည်းကောင်း၊ တတိယဆုကို Black Wolves အသင်းမှ လည်းကောင်း၊ ဒုတိယဆုကို TG United အသင်းမှ လည်းကောင်း၊ ပထမဆုကို Mali Kyal Sin အသင်းမှ လည်းကောင်း ဆုရရှိခဲ့ရာ ၎င်းတို့အား ဆုတံဆိပ်နှင့် ဆုကြေးငွေ အသီးသီးတို့ကို ချီးမြှင့်ပေးခဲ့ပြီး ပထမဆုရရှိသည့် Mali Kyla Sin အသင်းအား ချန်ပီယံဆုဖလား ပေးအပ်ချီးမြှင့်ခဲ့သည်။

AYA Bank Mandalar Futsal League 2026 ပြိုင်ပွဲကို စက်တင်ဘာ ၁၅ ရက်မှ စတင်ကျင်းပခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ ဖူဆယ်အသင်းများ ဖြစ်ကြသည့် TG United၊ Mali Kyal Sin၊ Black Wolves ၊ Pyae Sone၊ SK၊ KH၊ Glory၊ MDY YOUTH၊ AYA Panpu၊ MO GYO စသည့် ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)




သန့်ရှင်းသာယာ မန္တလာ
ပိုင်းဝန်း
ထိန်းသိမ်းပါ။

# ပြည်တွင်းဈေးကွက်အတွင်း အသီးအဝင်များပြား၍ ထောပတ်သီးဈေးနှုန်း ကျဆင်း




**မန္တလေး အောက်တိုဘာ ၁၆**

ယခုနှစ် ထောပတ်သီးရာသီတွင် ပြည်တွင်းဈေးကွက်အတွင်း အသီးအဝင်များပြားခြင်းနှင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မှုနည်းပါးခြင်းတို့ကြောင့် Hass အမျိုးအစား ထောပတ်သီးဈေးနှုန်းများ ကျဆင်းနေကြောင်း ထောပတ်သီးရောင်းဝယ်ရေးလုပ်ကိုင်သူများထံမှ သိရသည်။

လက်ရှိ ပြည်တွင်းလက်ကားဈေးကွက်တွင် Hass ထောပတ်သီး အကြီး၊ အလတ်အရော တစ်ကီလိုလျှင် ငွေကျပ် ၁,၉၀၀၊ အကြီးသီးသန့် တစ်ကီလိုလျှင် ငွေကျပ် ၂,၅၀၀ မှ ၃,၀၀၀ အထိ ဈေးနှုန်းရှိပြီး အသေးသီးများမှာ တစ်ကီလိုလျှင် ငွေကျပ် ၁,၀၀၀ အောက်သာ ရရှိနေသည်။ (အပေါ်ပုံ)

ထောပတ်သီးရာသီအတွင်း အသီးအဝင်များပြားသော်လည်း ပြည်တွင်းစားသုံးမှု နည်းပါးသည့်အတွက် ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတဘဲ ဈေးနှုန်းများ ကျဆင်းနေခြင်းဖြစ်သည်။ ထို့အပြင် ထောပတ်သီးသည် ခူးဆွတ်ပြီး လတ်ဆတ်ချိန်၌ ရောင်းချရန်အရေးကြီးသဖြင့် ကုန်သည်များက ဈေးကွက်အခြေအနေနှင့်အညီ ဈေးနှုန်းညှိနှိုင်းရောင်းချလျက်ရှိသည်။

လက်ကားဈေးနှုန်းများ ကျဆင်းနေသော်လည်း လက်လီဈေးကွက်တွင် ထောပတ်သီးတစ်ကီလိုလျှင် ငွေကျပ် ၇,၀၀၀အထိ ရောင်းချမှုရှိသည်။ မြန်မာနိုင်ငံ၏ ထောပတ်သီးပြည်တွင်းစားသုံးမှုမှာ တန်ချိန် ၅,၀၀၀ ဝန်းကျင်သာရှိပြီး ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာသည့် အသီးအရေအတွက် များပြားသဖြင့် ပိုလျှံပမာဏမှာ တန်ချိန် ၁၅,၀၀၀ ဝန်းကျင်ရှိသည်။

ယခင်ထောပတ်သီးရာသီများတွင် ထိုင်းနိုင်ငံသို့ နယ်စပ်လမ်းကြောင်းမှတစ်ဆင့် တင်ပို့ရောင်းချနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ပြည်ပဈေးကွက်သို့ တင်ပို့မှုမရှိသလောက်ဖြစ်သဖြင့် ပြည်တွင်းဈေးကွက်အတွင်း အသီးများ ပိုမိုဝင်ရောက်လာသည်။ ထိုအခြေအနေကြောင့် ထောပတ်သီးဈေးနှုန်းများ ကျဆင်းနေပြီး ဈေးကွက်အတွင်း ဝယ်လိုအားနှင့်ရောင်းလိုအား အခြေအနေအပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

# သက်ကြီးရွယ်အိုစောင့်ရှောက်ရေး ဝိုင်းဝန်းကူညီပေး

**အောင်စိုး(လူမှုဝန်ထမ်း)**

**နိဒါန်း**

“ယော ဘိက္ခဝေ မံ ဥပဋ္ဌဟေယျ သော ဂိလာနံ ဥပဋ္ဌဟေယျ” “အကြင်သူသည် ငါဘုရားအား လုပ်ကျွေးပြုစုငြားအံ့ ထိုသူသည် သူအို၊ သူနာတို့ကို လုပ်ကျွေးပြုစုရာ၏” ဟူ၍ မြတ်စွာဘုရားက မြွက်ကြားခဲ့သည်။ များစွာသော အနာတို့ဖြင့် ပုပ်ပွညှီဟောင်နေသဖြင့် မည်သူကမှ မပြုစုချင်သော သာဝတ္ထိပြည်သား ရဟန်း ပုတိဂတ္တတဿမထေရ်ကို မြတ်စွာဘုရားကိုယ်တော်တိုင် ပြုစုပေးပြီး အထက်ပါ သူအို သူနာတို့ကို ပြုစုလုပ်ကျွေးကြောင်းတရားကို ဟောကြားတော်မူခဲ့ဖူးပါသည်။ မြတ်ဗုဒ္ဓ၏ ဒေသနာနှင့်အညီ သက်ကြီးရွယ်အိုတို့ကို လုပ်ကျွေးပြုစုခြင်းသည် ရှေးရိုးမြန်မာ့အစဉ်အလာဖြစ်သည်။

လူ့အဖွဲ့အစည်းတစ်ခု၏ ခိုင်မာမှုနှင့် ယဉ်ကျေးမှုအဆင့်အတန်းကို ထိုလူ့အဖွဲ့အစည်းက သက်ကြီးရွယ်အိုများအပေါ် မည်သို့ ဆက်ဆံစောင့်ရှောက်သည်ဆိုသည့် အချက်ဖြင့် တိုင်းတာနိုင်ပါသည်။ မြန်မာ့ယဉ်ကျေးမှုတွင် မိဘအိုးဘွားများကို “လက်ဦးဆရာ” များအဖြစ်လည်းကောင်း၊ “ပူဇော်ထိုက်သူ” များအဖြစ်လည်းကောင်း အစဉ်အဆက် တန်ဖိုးထား လေးစားခဲ့ကြပါသည်။

သို့သော် ယနေ့ခေတ်ကာလတွင် လူဦးရေဖွဲ့စည်းပုံ ပြောင်းလဲလာခြင်း၊ စီးပွားရေးနှင့် လူမှုရေး အခြေအနေများ ရှုပ်ထွေးလာခြင်းတို့ကြောင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးသည် မိသားစုတစ်ခုတည်း၏ တာဝန်ထက် ကျော်လွန်ကာ လူ့အဖွဲ့အစည်းတစ်ရပ်လုံးက ဝိုင်းဝန်းကူညီရမည့် အရေးကြီးသော ကိစ္စရပ်တစ်ခု ဖြစ်လာပါသည်။

**သက်ကြီးရွယ်အိုများ၏ အခန်းကဏ္ဍနှင့် တန်ဖိုး**

သက်ကြီးရွယ်အိုများသည် လူ့အဖွဲ့အစည်းအတွက် အဖိုးမဖြတ်နိုင်သော “ရှင်သန်နေသည့် စာကြည့်တိုက်များ” အဖြစ် တင်စားနိုင်ပါသည်။ ၎င်းတို့တွင် ဆယ်စုနှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့သော အတွေ့အကြုံများ၊ ဗဟုသုတများနှင့် ဘဝသင်ခန်းစာများ ရှိကြသည်။ မိသားစုအတွင်းတွင်လည်း မြေးမြစ်များကို လမ်းညွှန်ဆုံးမပေးသူများ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို လက်ဆင့်ကမ်းပေးသူများအဖြစ် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြပါသည်။ သက်ကြီးရွယ်အိုဟူသောစကားရပ်တွင် အသက်ကြီးခြင်းနှင့် အရွယ်အိုခြင်း အဓိပ္ပာယ် နှစ်ခု အကျုံးဝင်လျက်ရှိပါသည်။ အသက်ကြီးသော်လည်း အရွယ်မအိုသေးလျှင် သက်ကြီးရွယ်အိုမဖြစ်ဟု ဆိုနိုင်ပါသည်။ မြန်မာအဘိဓာန်တွင် အသက်အရွယ်အိုမင်းသူကို “သက်ကျားအို” ဟုလည်းကောင်း အသက်အရွယ်ကြီးရင့်သူကို “လူအို” ဟုလည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ “သက်ကြီးရွယ်အို” ဟူသော ဝေါဟာရကို သီးခြားအဓိပ္ပာယ်ဖွင့် ဆိုထားခြင်း မရှိပါ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ သတ်မှတ်ချက်အရ အသက် ၆၀ နှစ်အထက်ကို သက်ကြီးရွယ်အိုဟု သတ်မှတ်ထားပြီး ၎င်းတို့ကို အိုစအရွယ် (၆၀-၇၄ နှစ်)၊ အိုလယ်အရွယ် (၇၅-၈၄ နှစ်)နှင့် အိုမင်းမစွမ်းအရွယ် (၈၅ နှစ်အထက်)ဟူ၍ ခွဲခြားထားပါသည်။ ဆေးသိပ္ပံပညာ အောင်မြင်တိုးတက်မှုကြောင့် လူ့သက်တမ်း (Life expectancy) သည်လည်း တိုးတက်ရှည်လျားလာပါသည်။ လူ့အဖွဲ့အစည်းများတွင် သက်ကြီးရွယ်အို တိုးပွားမှုကိုဖြစ်ပေါ်စေပါသည်။ သက်ကြီးရွယ်အို ဦးရေ သန်းပေါင်း ၇၉၀၀ ကျော်အနက် အသက်(၆၅)နှစ်အထက် သက်ကြီးရွယ်အို ၇၀၃ သန်း ရှိလာပါသည်။

လာမည့် ဆယ်စုနှစ်အတွင်း ၁ ဒသမ ၅ ဘီလီယံကျော်သို့ ရောက်ရှိလာမည်ဟု ကုလသမဂ္ဂအဖွဲ့ကြီးက ခန့်မှန်းထားပါသည်။ သက်ကြီးရွယ်အိုတစ်နေ့တခြား တိုးပွားများပြားလာမှုသည် ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှုဆိုင်ရာ ပြဿနာများကို ပေါ်ပေါက်စေပါသည်။ ယနေ့ကမ္ဘာတွင် လူမှုရေး ပုံသဏ္ဌာန်များ ပြောင်းလဲလာခြင်းကြောင့် စုစည်းနေထိုင်သည့် မိသားစု (Extended Family) ပုံသဏ္ဌာန်သည်လည်း ပြောင်းလဲပြိုကွဲပြီး မိသားစုဝင်အချင်းချင်း ချစ်ခင်ရင်းနှီးစည်းလုံးမှု လျော့နည်းလာခြင်း၊ တစ်ဦးအပေါ်တစ်ဦး တာဝန်မကျေပွန်ခြင်း၊ လျစ်လျူရှုခံရခြင်း၊ မိသားစုဝင်အချင်းချင်းအပေါ် အမြတ်ထုတ်ခြင်း စသည့် လူမှုရေးဆိုးပြစ်များကို လူ့အဖွဲ့အစည်းများရှိ မိသားစုအသီးသီးတွင် ရင်ဆိုင်ကြရသည်။

အထူးသဖြင့် မိသားစုအတွင်းမှ သက်ကြီးရွယ်အိုတစ်ဦးအဖို့ အိုမင်းမစွမ်းဖြစ်လာသည်နှင့်အမျှ နာတာရှည်ရောဂါများကို ခံစားကြရသည်။ မျက်စိမှုန်ခြင်း၊ ခါးကိုင်းခြင်း၊ နားထိုင်းခြင်း စသောယိုယွင်းမှုများလည်း ဖြစ်လာရပါသည်။ အရွယ်ညောင်း၍ ဇရာထောင်းလာသည်နှင့်အမျှ ခေတ်စနစ်ကွာဟမှု၊ စီးပွားရေးအရ ဝင်ငွေယုတ်လျော့မှု၊ ပတ်ဝန်းကျင်၏ပစ်ပယ်ခံရမှု၊ အထီးကျန်ဖြစ်မှုဟူသော ခြိမ်းခြောက်မှုများကိုလည်း တွေ့ကြုံခံစားကြရပါသည်။

သက်ကြီးရွယ်အိုတို့တွင် အသိပညာ၊အတွေ့အကြုံ၊ ဗဟုသုတနှင့် အရည်အသွေး စသော စွမ်းအားများရှိကြသည်။ အားလပ်ချိန်များ ပိုမိုရရှိလာပြီး မိသားစုနှင့်ပတ်ဝန်းကျင်တို့၏ ကြည်ညိုလေးစားမှုကိုလည်း ရရှိလာကြ၏။ အထက်ပါအားနည်းချက်များနှင့် အားသာချက်များအပေါ် အလေးဂရုပြုကြပြီး သက်ကြီးရွယ်အိုများအတွက် သာယာချမ်းမြေ့ဖွယ် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးရန် လိုအပ်ပါသည်။

**သက်ကြီးရွယ်အိုများ ရင်ဆိုင်နေရသော စိန်ခေါ်မှုများ**

အသက်အရွယ် ရင့်မာလာသည်နှင့်အမျှ သက်ကြီးရွယ်အိုများသည် ကဏ္ဍပေါင်းစုံတွင် စိန်ခေါ်မှုများကို ရင်ဆိုင်ရလေ့ရှိပါသည်။

၁။ ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများ - ကိုယ်ခံအား ကျဆင်းလာခြင်း၊ နာတာရှည်ရောဂါများ (ဥပမာ-သွေးတိုး၊ ဆီးချို၊ အဆစ်အမြစ်ရောင်ရောဂါ) ခံစားရခြင်းနှင့် မှတ်ဉာဏ်ချို့ယွင်းလာခြင်းတို့သည် အဓိက အခက်အခဲများ ဖြစ်ပါသည်။

၂။ စီးပွားရေးဆိုင်ရာ အခက်အခဲများ - အလုပ်လုပ်နိုင်စွမ်း လျော့နည်းသွားချိန်တွင် ပုံမှန်ဝင်ငွေမရှိခြင်း၊ လူမှုဖူလုံရေး အထောက်အပံ့ နည်းပါးခြင်းတို့ကြောင့် စားဝတ်နေရေးအတွက် အခက်အခဲ ဖြစ်ရတတ်ပါသည်။

၃။ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ-အထီးကျန်ခြင်း၊ အဖော်မဲ့ခြင်းနှင့် မိမိကိုယ်ကို အသုံးမဝင်တော့ဟု ခံစားရခြင်းတို့သည် သက်ကြီးရွယ်အိုများတွင် စိတ်ဓာတ်ကျဆင်းမှုကို ဖြစ်စေနိုင်ပါသည်။

**ဝိုင်းဝန်းကူညီစောင့်ရှောက်ရန် လိုအပ်ချက်များ**

သက်ကြီးရွယ်အိုများကို စောင့်ရှောက်ရာတွင် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ပါသည်။

**၁။ မိသားစု၏ အခန်းကဏ္ဍ**

မိသားစုသည် သက်ကြီးရွယ်အိုများအတွက် ပထမဆုံးနှင့် အရေးအကြီးဆုံး ခိုလှုံရာ ဖြစ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ ပြုစုစောင့်ရှောက်မှု (အာဟာရပြည့်ဝသော အစားအစာ၊ သန့်ရှင်းသောနေထိုင်မှု)အပြင် စိတ်ပိုင်းဆိုင်ရာ နွေးထွေးမှုပေးရန် အလွန်အရေးကြီးပါသည်။ ၎င်းတို့၏ စကားကို နားထောင်ပေးခြင်း၊ အချိန်ပေး စကားပြောခြင်းနှင့် မိသားစုကိစ္စရပ်များတွင် တိုင်ပင်ဆွေးနွေးခြင်းတို့က ၎င်းတို့အား တန်ဖိုးရှိသည်ဟု ခံစားရစေပါသည်။

**၂။ လူ့အဖွဲ့အစည်းနှင့် ရပ်ရွာ၏ ကူညီမှု**

ရပ်ကွက်(သို့မဟုတ်)ကျေးရွာအတွင်းရှိ လူငယ်များနှင့် လူမှုရေး အသင်းအဖွဲ့များက သက်ကြီးရွယ်အိုများအတွက် လိုအပ်သော အကူအညီများကို ပံ့ပိုးပေးနိုင်ပါသည်။ ဥပမာအားဖြင့် -သက်ကြီးရွယ်အို အချင်းချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များ (Older People-led Groups) ဖွဲ့စည်းခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် လူမှုရေး ပွဲလမ်းများတွင် ပါဝင်ခွင့်ရအောင် စီစဉ်ပေးခြင်းတို့ ပြုလုပ်နိုင်ပါသည်။

**၃။ အစိုးရနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)**

(၄၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက နှစ်စဉ် အောက်တိုဘာ ၁ရက်ကို “အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ (International Day of Older Person)” အဖြစ် ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာ ၁၄ရက်တွင် ဆုံးဖြတ်ခဲ့ပါသည်။ ကမ္ဘာတစ်ဝန်းလုံးရှိ သက်ကြီးရွယ်အိုများ ဘဝစိုပြည်လှပေးရေးအတွက် အောက်ပါ အခြေခံမူ ငါးရပ် (United Nations Principles For Older Person) ကိုချမှတ်ခဲ့ပါသည်။

(က) အခြေခံလိုအပ်ချက်များပြည့်စုံစေ၍ အမှီအခိုကင်းစွာ မိမိကိုယ်တိုင်ရပ် တည်နိုင်ရေး (Independence)

(ခ) လူမှုရေးနှင့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခွင့် ရရှိရေး (Participation)

(ဂ) ကြီးသူ၊ ငယ်သူအပြန်အလှန် စောင့်ရှောက်မှုပြုကြရေး (Care)

(ဃ) ၎င်းတို့၏ စွမ်းရည်နှင့် အခွင့်အလမ်းများကို ၎င်းတို့ကိုယ်တိုင် ဖြည့်တင်းနိုင်ရေး (Self-fulfillment)

(င) ဂုဏ်သိက္ခာရှိရှိဖြင့် လုံခြုံမှုရှိစွာ ရပ်တည်ခွင့်ရရှိရေး (Dignity)တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ နှစ်စဉ် အောက်တိုဘာ ၁ရက်ရောက်တိုင်း “အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့” အခမ်းအနားများ ကျင်းပလျက်ရှိပါသည်။

နိုင်ငံတော်အဆင့်တွင် သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်(Social Pension) စနစ်ကို ပိုမိုကျယ်ပြန့်အောင် ဆောင်ရွက်ခြင်း၊ သက်ကြီးရွယ်အိုများအတွက် သီးသန့်ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ ဖော်ဆောင်ခြင်းနှင့် ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်ခြင်းတို့သည် မရှိမဖြစ် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၃၀ရက်တွင် “သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ” ကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၂၂ ခုနှစ်တွင် “သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေ” ကို ပြဋ္ဌာန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်

မြန်မာနိုင်ငံသည် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး ခြေလှမ်းသစ်များကို ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့နှင့် ပူးပေါင်းလျက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ အောက်ပါနည်းစနစ် ခြောက်မျိုးဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

(က) အိမ်တိုင်ရာရောက်စောင့်ရှောက်ခြင်း (Home Care for Older People) တစ်နည်းအားဖြင့် စေတနာ့ဝန်ထမ်းအခြေပြု စောင့်ရှောက်ခြင်း (Volunteer -Based Care Service)

(ခ) မိသားစုအခြေပြု စောင့်ရှောက်ခြင်း (Home- Based Care Service)

(ဂ) ရပ်ရွာအခြေပြုစောင့်ရှောက်ခြင်း (Community - Based Care Service)

(ဃ) ဂေဟာငယ်များ တည်ထောင်၍ စောင့်ရှောက်ခြင်း (Group Home - Based Care Service)

(င) နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာများ ဖွင့်လှစ်စောင့်ရှောက်ခြင်း (Day Care Centre)

(စ) စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာ (Voluntary Elderly Home)

အထက်ပါ သက်ကြီးရွယ်အိုစောင့်ရှောက်မှုဆိုင်ရာ နည်းစနစ်များအနက် “စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာများ တည်ထောင်၍ ပြုစုစောင့်ရှောက်သည့် လုပ်ငန်းများကို လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်ကပင် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါဘိုးဘွားရိပ်သာများ အနက် လူမှုဝန်ထမ်းဦးစီးဌာနက စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ မှတ်ပုံတင်ရေးလုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ အသိအမှတ်ပြုထောက်ပံ့ပေးလျက် နည်းပညာအကူအညီများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆိုပါ သက်ကြီးရွယ်အိုများ ဘဝမြှင့်တင်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်းများကို လူမှုဝန်ထမ်းဦးစီးဌာနက ဗဟိုချက်လုပ်ငန်း (Focal Point) အဖြစ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

**လက်တွေ့ကျကျ ကူညီနိုင်မည့် နည်းလမ်းများ**

သက်ကြီးရွယ်အိုများကို ကူညီရာတွင် အောက်ပါအချက်များကို အလေးထားသင့်ပါသည်။

- စိတ်ရှည်သည်းခံခြင်း - အသက်ကြီးလာလျှင် နားလေးခြင်း၊ စကားထစ်ခြင်း သို့မဟုတ် မေ့လျော့ခြင်းများ ရှိနိုင်သဖြင့် စိတ်ရှည်စွာဖြင့် နားလည်ပေးရပါမည်။

- ဘေးကင်းသော ပတ်ဝန်းကျင် ဖန်တီးပေးခြင်း - အိမ်အတွင်း ချော်လဲခြင်းများ မဖြစ်စေရန် ကြမ်းပြင်နှင့် အိမ်သာများကို စနစ်တကျ ပြင်ဆင်ပေးခြင်း။

- ပုံမှန်ကျန်းမာရေးစစ်ဆေးခြင်း - ရောဂါဝေဒနာများကို အချိန်မီ သိရှိကုသနိုင်ရန် ဆရာဝန်နှင့် ပုံမှန်ပြသပေးခြင်း။

- နည်းပညာနှင့် ချိတ်ဆက်ပေးခြင်း - ယနေ့ခေတ်တွင် ဖုန်း သို့မဟုတ် အင်တာနက် အသုံးပြု၍ ဝေးကွာနေသော ဆွေမျိုးများနှင့် စကားပြောနိုင်အောင် သင်ကြားပေးခြင်းဖြင့် အထီးကျန်မှုကို လျှော့ချနိုင်ပါသည်။

**နိဂုံး**

နိဂုံးချုပ်အားဖြင့် သက်ကြီးရွယ်အိုများသည် ကျွန်ုပ်တို့၏ အတိတ်ကို တည်ဆောက်ပေးခဲ့သူများ ဖြစ်သကဲ့သို့ ကျွန်ုပ်တို့၏ အနာဂတ်တွင်လည်း လမ်းပြကြယ်များ ဖြစ်ကြပါသည်။ ၎င်းတို့ကို စောင့်ရှောက်ခြင်းသည် ကျေးဇူးဆပ်ခြင်း တစ်မျိုးသာမက လူသားဆန်သော လုပ်ရပ်လည်း ဖြစ်ပါသည်။ “သက်ကြီးရွယ်အိုစောင့်ရှောက်ရေး ဝိုင်းဝန်းကူညီပေး” ဆိုသည့်အတိုင်း မိသားစု၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်တို့က ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက ကျွန်ုပ်တို့၏ ဘိုးဘွားမိဘများသည် ဂုဏ်သိက္ခာရှိပြီး ပျော်ရွှင်စရာကောင်းသော ဘဝနေဝင်ချိန်ကို ပိုင်ဆိုင်နိုင်ကြမည် ဖြစ်ပါသည်။ သက်ကြီးရွယ်အိုများကို စောင့်ရှောက်ခြင်းသည် မိမိကိုယ်တိုင်၏ အနာဂတ်ကို ပြင်ဆင်ခြင်းပင် ဖြစ်ပါတော့သည်။

**ကိုးကား- (reference): လူမှုဝန်ထမ်းဦးစီးဌာန၊ နှစ် (၇၀)ပြည့် သမိုင်းမှတ်တမ်း။**

## လူထုအခြေပြုဇဟိုဌာန၌ ကျောင်းသား၊ ကျောင်းသူများဖြင့် စာဖတ်ဝိုင်းနှင့် ပြိုင်ပွဲများ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကာ ကျောင်းသား၊ ကျောင်းသူလူငယ်များ ဘဝပန်းတိုင်အတွက် ရန်းကန်နေရမှုဘဝတွင် အကျိုးရှိစေရန်ရည်ရွယ်၍ စာရေးဆရာ ကပ္ပတိန်သာစိန်ရေးသားသော "ဘဝခရီးသွားလူငယ်များသို့" စာအုပ်ဖြင့် စာဖတ်ဝိုင်းနှင့် ပြိုင်ပွဲများကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက လူထုအခြေပြုဇဟိုဌာန ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်ကြည်နွဲ့က ဘဝခရီးသွားလူငယ်များသို့ စာအုပ်ထဲမှ ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတရရှိစေရန် လူငယ်သို့ အမြင်နှင့် ဘဝမျှော်မှန်းချက်လမ်းကြောင်းရေးဆွဲနိုင်စေအကြောင်း၊ ပညာရှိ ပညာမဲ့ခွဲခြားပါ၊ မိတ်ဆွေကောင်းရှာပါ၊ မူးယစ်ဆေးဝါးအန္တရာယ်များ ရှောင်ရှားနိုင်ပါစေနှင့် အတုယူဖွယ် စာရေးဆရာ၏ ဘဝစုံစွာ ဖြတ်သန်းခဲ့ပုံအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများကလည်း ယင်းစာအုပ်နှင့်ပတ်သက်၍ ပါဝင်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖြင့် ပြည့်စုံလာစေရန်၊ နှုတ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လူအများရှေ့ထွက်ပြောဆိုရာတွင် အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်ပြီး ပုံပြင်ပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများက ပျော်ရွှင်စွာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**အလင်းသစ်**

**(ချမ်း/စည်-ပြန်/ဆက်)**



## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၆**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(မန္တလေးရုံးခွဲ)မှ ကြီးမှူး၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။



အစည်းအဝေးတွင် မဟာအောင်မြေခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွှန့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(မန္တလေးရုံးခွဲ) တာဝန်ခံ ညွှန်ကြားရေးမှူး ဦးအောင်ထူးမြင့်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတို့ကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်။

ဟောပြောပွဲတွင် အဂတိလိုက်စားမှု၏ အဓိပ္ပာယ်၊ ဆိုးကျိုးများနှင့် တားဆီးကာကွယ်ရေးဆိုင်ရာ သိရှိလိုက်နာရမည့်အချက်များအပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်များကို အသိပညာပေး ဆွေးနွေးခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ ဟောပြောပွဲသို့ မဟာအောင်မြေခရိုင်အတွင်းရှိ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်များမှ ဌာနပေါင်းစုံရှိ တာဝန်ရှိသူများအပါအဝင် စုစုပေါင်း လူဦးရေ ၃၇၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဈ)**

**အစားအစာအကြွင်းအကျန်မရှိစေရေး**
**စားသောက်မှုပုံစံကို**
**ဂရုစိုက်ပေး ။**




## စားသုံးသူရေးရာ အသိပညာပေး Talk Show ဆောင်ရွက်

**သရက် အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် စားသုံးသူရေးရာအသိပညာပေး Talk Show ကို ယမန်နေ့ နံနက် ၁၀ နာရီက သရက်ခရိုင်၊ ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမတွင် ကျင်းပသည်။

အဆိုပါ Talk Show တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကျွမ်းကျင်-၃ ရုပ်သံ ဒေါ်ဇာခြည်လွင်နှင့် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီထွေးတို့က စားသုံးသူအခွင့်အရေး ဆောင်ပုဒ်နှင့်အညီ စားသုံးသူရေးရာဦးစီးဌာနအနေနှင့် Online စနစ်ဖြင့် ဈေးရောင်းချခြင်း လုပ်ငန်းရဲ့ဆိုလိုရင်းအကြောင်း၊ Online စနစ်ဖြင့် ဈေးရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းရှင်အနေနဲ့ အာမခံချက်ရှိတဲ့အချက်တွေက ဘာတွေလဲ၊ မှတ်ပုံတင်လျှောက်ထားရာမှာ ကိုက်ညီရမည့်အချက်အလက်များ၊ မှတ်ပုံတင်လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် အချက်အလက်များ၊ Online ဈေးရောင်းချခြင်း၊ မှတ်ပုံတင်လက်မှတ်ရရှိပြီးသူရဲ့တာဝန်များနှင့် အခွင့်အရေးအကြောင်း၊ စားသုံးသူတွေ နစ်နာဆုံးရှုံးမှုရှိခဲ့လျှင် တိုင်ကြားနိုင်သည့်နည်းလမ်းများကို မေးမြန်းခဲ့ကြရာ ပြန်လည်ပြီးပြည့်စုံစွာ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ယာပုံ)ဇော်ထက်(သရက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## သီတင်းကျွတ်ဝယ် ကန်တော့မယ်

* သုံးလူ့ရှင် မြတ်ဗုဒ္ဓ
နတ်ဌာန ကြွချီပေ ။
တာဝတိံသာ ဗိမာန်နန်း
စံမြန်းကာလေ ။
ဝါတွင်းသုံးလ အဘိဓမ္မ
တရား,ရေ တိုက်ကျွေးထား ။
မွေးမယ်တော် ကျေးဇူးဆပ်လို့
ဟောအပ်မိန့်ကြား ။

* တူ့ရာသီ သီတင်းကျွတ်,ကား
မြတ်ဘုရား ပြန်ကြွအလာ ။
လူ့ဌာနေ ဆီးကြိုကြ
ဗုဒ္ဓ,ပူဇာ ။
ဝသန္တ မိုးဥတုအခါ
ပွင့်လန်းဖြာ ကြာပန်းများ ။
ဆီမီးရောင်စုံ ကပ်လှူဒါန်းလို့
ရွှင်လန်းစေသား ။

* တို့ပြည်ထောင် မီးထွန်းပွဲ,ကား
ကျင်းပထား အမှန်ပါ ။
သီတင်းကျွတ်ဝယ် ကန်တော့ကြ
မိဘ,နှစ်ဖြာ ။
အနန္တ ဂိုဏ်းဝင်သာ
မြတ်ဆရာ ချန်မထား ။
ထာဝစဉ်ပူဇော်ထိုက်လို့
(အိုကွယ်)
ဦးခိုက်စေသား ။ ။

ဇဂျမ်းရွာကျောင်းအိုသား



# သမိုင်းဝင် သစ္စာအဓိဋ္ဌာန် ရွှေစာရံစေတီတော်မြတ်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်သစ် တင်လှူပွဲအတွက် အကြိုညှိနှိုင်းဩဝါဒခံယူပွဲ ကျင်းပ



**ပုသိမ်ကြီး အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာရှိ အစ်မတော် စောမွန်လှ သမိုင်းဝင် သစ္စာအဓိဋ္ဌာန် ရွှေစာရံ စေတီတော် မြတ်ကြီးသည် ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် စေတီတော်ကြီး ပြိုကျပျက်စီးခဲ့၍ ပြန် လည်ပြုပြင်တည်ဆောက်ခြင်းများ ဆောင်ရွက်ပြီး ရွှေထီးတော်ကြီး ပြန်လည်တင်လှူပွဲ ကျင်းပနိုင်ရေး အကြိုညှိနှိုင်း ဩဝါဒခံယူပွဲကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါဘုရားရှိ အာဂန္တုကသာလာဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တဥတ္တမက အဖွင့်ဩဝါဒ မိန့်ကြားသည်။ ထို့နောက် ရွှေစာရံစေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်က ရွှေထီးတော် တင်လှူပွဲနှင့် ပတ်သက်၍ အစီအစဉ်များကို လျှောက်ထားတင်ပြသည်။ ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်းက အကြံပြုဆွေးနွေးတင်ပြပြီး ခရိုင်သာသနာရေးမှူးဦးအောင်မင်းက ဆက်လက် အကြံပြုလျှောက်ထားသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာ ကော်မတီဝင်များ အနေဖြင့် မိမိတို့၏ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ကြရန် ဆရာတော်က မိန့်ကြားတော်မူ၍ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့သည်။

အဆိုပါ အစ်မတော် စောမွန်လှ တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင် သစ္စာအဓိဋ္ဌာန် ရွှေစာရံ စေတီတော်မြတ်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်သစ် တင်လှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အကြိုညှိနှိုင်း ဩဝါဒခံယူပွဲတွင် တန်ဆောင်မုန်းလဆန်း ၈ ရက်မှစ၍ အကြိုဓမ္မသဘင် တရားပွဲများ၊ လဆန်း ၁၁ ရက်တွင် ရွှေထီးတော် တင်လှူခြင်း၊ လဆန်း ၁၂ ရက်တွင် ရွှေထီးတော် ဘုံသုံးဆင့် တင်လှူခြင်းနှင့် လဆန်း ၁၃ ရက်တွင် ကျန်ရှိနေသည့် ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်သစ် တင်လှူပွဲကျင်းပ၍ ဖျော်ဖြေရေး အစီအစဉ်များ၊ စတုဒိသာ အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့က ပြောသည်။

(အပေါ်ဝဲပုံ)

ရွှေရန်ကင်း



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင်-YGW နာယကဆရာတော် ဘဒ္ဒန္တတေဇောသာရ ပုံလွန်တော်မူခြင်း (၁၂)နှစ်ပြည့်အတွက် ဆေးပဒေသာပင် ငွေကျပ် ငါးသိန်းနှင့် ဆန်ငါးအိတ်၊ ဆီ ၁၀ ပိဿာတို့ကို ယမန်နေ့က လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌဦးစိုးလွင်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြတ်ကျော်တို့က လက်ခံရယူစဉ်။ (ကဆ)



စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်၌ ယမန်နေ့က မင်းကွန်းတောင်ရိုးရှိ ရဟန်းသာမဏေများအတွက် ရှစ်ပြည်ဝင် ဆန်အိတ်ပေါင်း ၂၆၆၁ အိတ်၊ ဘွဲ့ထူး၊ ဂုဏ်ထူးရဆရာတော်များအတွက် ဘွဲ့တစ်ဘွဲ့လျှင် အလှူငွေကျပ် ၂၅၀၀၀ စီဖြင့် ဘွဲ့ပေါင်း ၂၄၄ ဘွဲ့အတွက် ငွေကျပ် ၆,၁၀၀,၀၀၀ တို့အား အနယ်နယ်အရပ်ရပ်ရှိ သင်းထောက်များ၊ အဖွဲ့ဝင်များ၊ အလှူရှင်များကိုယ်စား အသင်းကြီးဥက္ကဋ္ဌ ဦးစိန်ဝင်း၊ ဒုဥက္ကဋ္ဌများ၊ အတွင်းရေးမှူး ဦးကြည်ဝင်းနှင့် အမှုဆောင်အဖွဲ့ဝင်များက ဆက်ကပ်လှူဒါန်းကြစဉ်။ (၀၇၀)



# စစ်ကိုင်းတောင်ရိုးမှ ပုဂ္ဂိုလ်ထူးများ သာသနာဝင်ကျမ်းစာအုပ်ကြီးလှူဒါန်းပွဲ ကျင်းပ

**စစ်ကိုင်း အောက်တိုဘာ ၁၆**

စစ်ကိုင်းတောင်ရိုးရှိ သံဃာတော်များအား ဂန္ထဝါစက ပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မကထိက ကိုးဘွဲ့ရဆရာတော်ဘဒ္ဒန္တ အာစာရာလင်္ကာရ ရေးသားပြုစုသော စစ်ကိုင်းတောင်ရိုးမှ ပုဂ္ဂိုလ်ထူးများ သာသနာဝင် ကျမ်းစာအုပ်ကြီး ဆက်ကပ်လှူဒါန်းပွဲနှင့် စစ်ကိုင်းမြို့၊ မြို့မိ၊ မြို့ဖများ၊ ဂေါပကအဖွဲ့များ၊ စာပေပညာရှင်များနှင့် မိတ်ဆွေသူငယ်ချင်းများအား စာအုပ်လက်ဆောင်ပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက စစ်ကိုင်းမြို့၊ ရတနာစေတီ ဆင်များရှင်ဘုရားရှိ ဓမ္မသာလာခန်းမ၌ ကျင်းပခဲ့ သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ကြပြီး မြို့မိ၊ မြို့ဖ ဦးတင်မျိုးလွင်က အဖွင့်အမှာစကားပြောကြားကာ စာရေးဆရာ နန္ဒာမင်းလွင်က ကျမ်းစာအုပ်ကြီးရေးသားပြုစုသော ကိုးဘွဲ့ရဆရာတော်ထံမှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြား၍ ဇေယျမင်္ဂလာဆရာတော်က ကျမ်းစာအုပ်ကြီးနှင့် ပတ်သက်၍ ဝမ်းမြောက်စကား မိန့်ကြားသည်။ ထို့နောက် စာရေးဆရာရဲသျှမ်းက ကျမ်းစာအုပ်နှင့် ပတ်သက်သည့် အမှတ်တရ မုဒိတာစကား ပြောကြားပြီး တာဝန်ရှိသူများက ကြွရောက်တော်မူလာကြသော သံဃာတော်များအား ကျမ်းစာအုပ်ကြီးကို ဆက်ကပ်လှူဒါန်းကြပြီး ဧည့်ပရိသတ်များအား တစ်ဦးချင်းအလိုက် ကျမ်းစာအုပ်တစ်အုပ်စီ လက်ဆောင်ပေးအပ်ကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၃)

# စာမေးပွဲအောင်ချက်မြင့်မားရေးနှင့် ယဉ်ကျေးလိမ္မာဟောပြောပွဲ ကျင်းပ

**ကလော အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ အောင်ပန်းမြို့ရှိ ဖြူစင်မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ အတန်းတိုင်းအောင်ချက်မြင့်မားရေး အထောက်အကူပြု ယဉ်ကျေးလိမ္မာဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက ဖြူစင်မေတ္တာခန်းမကြီး၌ ကျင်းပသည်။

အောင်ချက်မြင့်မားရေး ဟောပြောပွဲသို့ မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဗိုလ်မောင်မြင့်၊ တည်ထောင်သူ ဒေါ်ခိုင်သီတာအောင်၊ C.E.O ဆရာမျိုးနှင့် ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် C.E.O ဆရာမျိုးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးကျော်စိုးက ဒေါက်တာဗိုလ်မောင်မြင့်၏ အတ္ထုပ္ပတ္တိကိုဖတ်ကြား၍ မဟာသဒ္ဓမ္မဇောတိကဓဇဒေါက်တာဗိုလ်မောင်မြင့်က အောင်ချက်မြင့်မားရေး၊ လိမ္မာယဉ်ကျေးစေရေး အကြောင်းတရား (၇)ချက်ကို အကျယ်တဝင့် ရှင်းလင်းဟောပြောသည်။

ထို့နောက် ဖြူစင်မေတ္တာကိုယ်ပိုင်ကျောင်းတည်ထောင်သူ ဒေါ်ခိုင်သီတာအောင်က ကျေးဇူးတင် စကားပြောကြားပြီး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

ညပိုင်းတွင်လည်း ကျောင်းသား၊ ကျောင်းသူများ စိတ်ဓာတ်ခွန်အားမြင့်မားစေရေးအတွက် မဟာသဒ္ဓမ္မဇောတိကဓဇဒေါက်တာဗိုလ်မောင်မြင့်က ကလေးဝိပဿနာ လက်တွေ့ဟောပြောသင်ကြားပေးခဲ့ကြောင်း သိရသည်။

(၀၄၁)

*-*-*-*-*-*-*

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်း

**စဉ့်ကိုင် အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၌ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း (YMBA) အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်းကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) တိုင်းဥက္ကဋ္ဌ ဦးမိုးဇော်ထွန်း၏ တာဝန်ပေးအပ်ချက်အရ တိုင်းဒုတိယဥက္ကဋ္ဌ ဦးမြင့်ဦး၊ တိုင်းအတွင်းရေးမှူး ဦးထွန်းထွန်းရွှေ၊ တိုင်းတွဲဖက်အတွင်းရေးမှူး ဦးကျော်မြင့်ထွန်း၊ ကျောက်ဆည်ခရိုင်ဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် စဉ့်ကိုင်မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ (ယာပုံ)

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) တိုင်းတွဲဖက်အတွင်းရေးမှူးက ဦးဆောင်၍ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့ကြသည်။

ဆက်လက်၍ အသင်းတိုင်းဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ချက်အရ တိုင်းဒုတိယဥက္ကဋ္ဌက အသင်း၏ စည်းမျဉ်း၊ စည်းကမ်းများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး တိုင်းအတွင်းရေးမှူးက စဉ့်ကိုင်မြို့နယ်အနေဖြင့် အသင်းအား မေးမှိန်ပျောက်ကွယ်မှုမရှိစေရေး၊ ခိုင်မာကျစ်လျစ်စွာ ထိန်းသိမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဥက္ကဋ္ဌ ဦးသန်းဝင်းက အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းထားသည့် အသင်းဝင်များအား ဖတ်ကြားတင်သွင်းခဲ့၍ အသင်းဝင်များက တစ်ဦးချင်း မိတ်ဆက်ခဲ့ပြီး တက်ရောက်လာကြသူများက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

၀-၀-၀-၀-၀-၀-၀



❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ အုပ်စုအဆင့်ပြိုင်ပွဲများ ကျင်းပ

**ညောင်ရွှေ အောက်တိုဘာ ၁၆**

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ ညောင်ရွှေမြို့သို့ ဒေသစာရီ ကြွချီအပူဇော်ခံမည့် ပွဲတော်တွင် နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပသည့် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ အုပ်စုအဆင့်ပြိုင်ပွဲများကို ယနေ့တွင် ကျင်းပသည်။



အဆိုပါ ပြိုင်ပွဲများတွင် အမျိုးသားရာကျော်လှေလှော်ပြိုင်ပွဲတွင် အမျိုးသား ၄၆ တက်လှေလှော်ပြိုင်ပွဲ၊ အမျိုးသမီး ၂၆ တက် လှေလှော်ပြိုင်ပွဲ၊ ကျောင်းသား ၂၆ တက် လှေလှော်ပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်အသင်းများ၏ စည်းလုံးညီညွတ်မှု စိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်နေမှုများကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ကြည့်ရှုအားပေးကြပြီး ပါဝင်ယှဉ်ပြိုင်ကြသော လှေအသင်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

အဆိုပါအင်းသားရိုးရာလှေလှော်ပြိုင်ပွဲတွင် ရာကျော်လှေလှော်ပြိုင်ပွဲ၊ အမျိုးသား ၄၆ တက် လှေလှော်ပြိုင်ပွဲ၊ အမျိုးသမီး ၂၆ တက်လှေလှော်ပြိုင်ပွဲ၊ ကျောင်းသား ၂၆ တက်လှေလှော်ပြိုင်ပွဲ အုပ်စုပွဲစဉ်များ၌ အနိုင်ရရှိသည့် အသင်းများသည် ညောင်ရွှေမြို့သို့ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ရှင်တော်မြတ်များ ကြွချီပူဇော်ခံမည့် အောက်တိုဘာ ၁၈ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည့် အင်းလေးရိုးရာလှေလှော်ပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဆက်လက်၍ အင်းလေးရေပြင်တွင် ကျွန်းမျောရိုင်းများကို စက်ယန္တရားများဖြင့်လည်းကောင်း၊ အင်းရေပြင်တွင် မှော်များ၊ ဒိုက်များ၊ ဗေဒါများကို စက်အား၊ လူအားဖြင့်လည်းကောင်း စုပေါင်းရှင်းလင်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၅ သို့ ✡




## AFC 'Pro' Diploma နည်းပြသင်တန်း (Module-3) ထိုင်းနိုင်ငံ၌ အောင်မြင်စွာ သင်ကြားပြီးစီး

**ရန်ကုန် အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံ၏ ဘောလုံးနည်းပြကဏ္ဍ အဆင့်မြင့်မားလာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)နှင့် အာရှဘောလုံးအဖွဲ့ချုပ် (AFC)တို့ ပူးပေါင်းစီစဉ်သည့် မြန်မာ့ဘောလုံးသမိုင်းတွင် ပထမဆုံးအကြိမ် ဖွင့်လှစ်နိုင်ခဲ့သည့် အမြင့်ဆုံးအဆင့် AFC/MFF Pro Diploma Coaching Course (Module-3) သင်တန်းကို ထိုင်းနိုင်ငံ၌ အောက်တိုဘာ ၁၀ ရက်မှ ၁၆ ရက်နေ့အထိ စနစ်တကျ သင်ကြားပို့ချခဲ့ရာ ယနေ့တွင် အောင်မြင်စွာ ပြီးမြောက်ခဲ့ပြီ ဖြစ်ပါသည်။

အဆိုပါ သင်တန်းသို့ MFF နည်းစနစ်ဒါရိုက်တာ Mr. Michiteru Mita၊ AFC နည်းပြဆရာ (Tutor) များဖြစ်ကြသည့် Mr. Yasuhiko Kimura၊ Mr. Aris Caslib တို့က ပို့ချခဲ့ကြပြီး မြန်မာနိုင်ငံသား ၁၂ ဦး၊ နိုင်ငံခြားသား လေးဦး၊ စုစုပေါင်း သင်တန်းသားနည်းပြ ၁၆ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းကာလအတွင်း ခေတ်သစ်ဘောလုံးလောက၏ နည်းစနစ်၊ နည်းဗျူဟာပိုင်းဆိုင်ရာများနှင့် သီအိုရီသင်ခန်းစာများကို သင်ကြားပို့ချခဲ့သည်။

ထို့ပြင် သင်တန်းသား နည်းပြများသည် လက်တွေ့လေ့လာမှုများအဖြစ် ထိုင်းလိဂ်-၁ ပွဲစဉ်များဖြစ်ကြသည့် BG Pathum နှင့် Ayutthaya ပွဲစဉ်၊ Port FC နှင့် Pattani FC ပွဲစဉ်များကို ကွင်းအတွင်း သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည့်အပြင် BG Pathum အသင်း၏ လေ့ကျင့်ရေးစခန်းသို့ သွားရောက်၍ အသင်း၏ လေ့ကျင့်ပြင်ဆင်မှုများအား လေ့လာမှုပြုလုပ်ခဲ့ကြသည်။

ဆက်လက်၍ အာရှအဆင့်မြင့် ကလပ်အသင်းပြိုင်ပွဲများ၏ မဟာဗျူဟာပိုင်းဆိုင်ရာ လေ့လာမှုအဖြစ် Buriram မြို့၌ ကျင်းပသည့် AFC Champions League Elite ပြိုင်ပွဲ၏ Buriram United နှင့် Beijing FC ပွဲစဉ်၊ ဘန်ကောက်မြို့၌ ကျင်းပသည့် AFC Champions League 2 ပြိုင်ပွဲ၏ BG Pathum နှင့် Adelaide United FC ပွဲစဉ်တို့ကို သွားရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **(NGB)**

# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

## စုပေါင်းတံခွန်စိုက်ဆုဖလားနှင့် အမျိုးသားတံခွန်စိုက်ဆုဖလားကို ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ အမျိုးသမီး တံခွန်စိုက်ဆုဖလားကို ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ဆွတ်ခူးရရှိ

နေပြည်တော် အောက်တိုဘာ ၁၆

အားကစားရေးရာ ဝန်ကြီးဌာနအနေဖြင့် မျိုးဆက်သစ် ပြေးခုန်ပစ် အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ပြေးခုန်ပစ် အားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာ ဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ် အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ

စာမျက်နှာ ၉ သို့ ❖



# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ




နေပြည်တော် အောက်တိုဘာ ၁၆

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မျိုးဆက်သစ်လက်ဝှေ့အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် လက်ဝှေ့အားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲကို အောက်တိုဘာ ၁၆ ရက်မှ ၂၃ ရက်အထိ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံ အားကစားရုံ၌ ပြိုင်ပွဲကာလ ရှစ်ရက်ကြာ ကျင်းပသွားမည် ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်း စုစုပေါင်းအင်အား ၂၂၃ ဦး

စာမျက်နှာ ၅ သို့ ■